
www.burmeseclassic.com



# ပုဂံ စေတီပုထိုးများ

BURMESE CLASSIC .com



www.burmeseclassic.com

ဒုတိယအကြိမ်

www.burmeseclassic.com

# ပုဂံ စေတီပုထိုးများ

*Popa Publishing House*

အမှတ်(၇၈)၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၇၄/၂၀၀၃ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆/၂၀၀၄ (၁)

ပုံနှိပ်မှတ်တမ်း
ပထမအကြိမ် (၁၉၈၇) ခုနှစ်၊ မတ်လ၊ တက္ကသိုလ်များပုံနှိပ်တိုက်
ဒုတိယအကြိမ် (၂၀၀၄) ခုနှစ်၊ ဧပြီလ၊ **POPA Publishing House**

အုပ်ရေ
၂၀၀၀

စာတည်းသူ
ဦးကျော်အောင် (စာတည်းမှူး)
တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန
အဆင့်မြင့်ပညာဦးစီးဌာန

ဓာတ်ပုံ
ဦးတင်ဦး၊ မြတ်မင်းခန့်

အဖုံးပန်းချီ
မြန်မာ့ရိုးရာ ဦးအေးမြင့်

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးတင်ထွဋ်ရှ (၀၆၁၀၇) H&K Printing
အမှတ် - ၂၆၄/၂၆၈၊ အောက်ကြည့်မြင်တိုင်လမ်း
အလုံ၊ ရန်ကုန်မြို့။


ထုတ်ဝေသူ
ဦးဘသောင်း (ဒုညွှန်မှူး)
တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန

စာအုပ်ချုပ်
ကိုစံလင်း

တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


နိဒါန်း

ညောင်ဦးတစ်ဝိုက်ရှိ စေတီပုထိုးများ

ရွှေစည်းခုံ ---------- ၁
ကျန်စစ်သားဥမင် ---------- ၄
ဂူပြောက်ကြီး (ဝက်ကြီးအင်း) ---------- ၅
ဆပဒ ---------- ၆
သမီးဇုက်ဥမင်နှင့် မြားသဥမင် ---------- ၇
ကျောက်ဂူဥမင် ---------- ၈
ကုန်းတော်ကြီး ---------- ၁၀
သကျမုနိ ---------- ၁၁

ပုဂံတစ်ဝိုက်ရှိ စေတီပုထိုးများ ---------- ၁၂

ထီးလိုမင်းလို ---------- ၁၃
ဥပါလိသိမ် ---------- ၁၄
သရပါတံခါး ---------- ၁၅
အာနန္ဒာ ---------- ၁၆
ပိဋကတ်တိုက် ---------- ၁၉
ရွှေဂူကြီး ---------- ၂၀
သံတော်ကြား ---------- ၂၃
သဗ္ဗညု ---------- ၂၄
ဓမ္မရံကြီး ---------- ၂၇
ရွှေဆံတော် ---------- ၂၈
ရှင်ပင်သာလျောင်း ---------- ၃၀
မင်္ဂလာစေတီ ---------- ၃၁
နတ်လှောင်ကျောင်း ---------- ၃၂
ပုထိုးသားများ ---------- ၃၄
မီးမလောင်ကျောင်း ---------- ၃၆
ကျွဲနားတောင်း ---------- ၃၇
ဂေါ်တောပလ္လင် ---------- ၃၈
မဟာဗောဓိ ---------- ၄၀
ဘူးဘုရား ---------- ၄၁


www.burmeseclassic.com

www.burmeseclassic.com


မြင်းကပါတစ်ဝိုက်ရှိ စေတီပုထိုးများ ၄၂

ဂူပြောက်ကြီး (မြင်းကပါ) ---------- ၄၃
မြင်းကပါ ---------- ၄၅
မနူဟာ ---------- ၄၆
နန်းဘုရား ---------- ၄၇
အပယ်ရတနာ ---------- ၄၉
နဂါးရုံ ---------- ၅၂
ပေါ်တော်မူ ---------- ၅၄
စိုးမင်းကြီးကျောင်း ---------- ၅၅
စိမ်းညက်အစ်မ ---------- ၅၆
စိမ်းညက်ညီမ ---------- ၅၇

သီရိပစ္စယာတစ်ဝိုက်ရှိ စေတီပုထိုးများ ၅၈

လောကနန္ဒာ ---------- ၅၉
အနောက်ဖက်လိပ် ---------- ၆၀
အရှေ့ဖက်လိပ် ---------- ၆၁

မင်းနန်သူနှင့် ဖွားစောတစ်ဝိုက်ရှိ စေတီပုထိုးများ ၆၂

နန္ဒာမညာ (အနန္တပညာ) ---------- ၆၃
သမ္ဗုလ ---------- ၆၄
ဘုရားသုံးဆူ ---------- ၆၅
လေးမျက်နှာ ---------- ၆၇
ဓမ္မရာဇိက ---------- ၆၈
စူဠာမဏိ ---------- ၆၉

ပုဂံရှေးဟောင်းသုတေသနပြတိုက် ၇၁

ပုဂံမြို့နှင့် ပတ်ဝန်းကျင်ဒေသပြ မြေပုံ ၇၆


www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ပုဂံမြို့ဟောင်းတွင် စေတီဂူကျောင်း ပေါလေစွ။

မြန်မာနိုင်ငံအလယ်ပိုင်း၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းပေါ်ရှိ ထိုဒေသတစ်ဝိုက်တွင် ရှေးဟောင်းအဆောက် အအုံများသည် လက်ညှိုးထိုးမလွဲ၊ မြေပြင်အနှံ့ ပုံသဏ္ဌာန်အမျိုးမျိုး ထုထည်ပမာဏအဖုံဖုံဖြင့် တည်ရှိနေလေသည်။ ဦးရေအားဖြင့် (၂၀၀၀) ခန့်၊ အကျယ်အဝန်းဧရိယာအားဖြင့် စတုရန်း (၁၆) မိုင်ခန့် ဖြစ်ပေ၏။

ထိုအဆောက်အအုံများအနက် အချို့သည် စေတီပြို၊ လိုဏ်ဂူပျက်များဖြစ်၍ အချို့မှာမူ ဆိုင်ရာတို့က ထိန်းသိမ်းပြုပြင်ထားလေသဖြင့် သပ္ပာယ်သစ်လွင်နေကြသည်။ တစ်ဖန် အချို့သည် ဘုရားဖူးများဖြင့်စည်ကား သိုက်မြိုက်နေကြလျက် အချို့မှာမူ လူအသွားအလာ အဝင်အထွက်မရှိ၊ ထီးတည်းသာ တည်ရှိနေကြသည်။

ဤမျှများပြားလှသော စေတီပုထိုး ဂူကျောင်းတို့၏ ဇာစ်မြစ်ကို သိလိုသော် ပုဂံကောင်းစားခဲ့စဉ်ကာလကို ပြန်၍ကြည့်ရပေလိမ့်မည်။

BURMESE CLASSIC .com

အေဒီ (၂) ရာစုခေတ်၊ သရေခေတ္တရာအပျက်တွင် သမုဒ္ဒရာဇ်မင်းသည် နောက်လိုက်ပိုလ်ပါများနှင့်တကွ မိမိတို့အမျိုးအနွယ်တူများရှိရာ ယခုပုဂံပြည်တည်ရှိရာအရပ်သို့ ဆန်တက်ခဲ့ပြီး ထီးနန်းစိုက်ထူခဲ့သည်ဟူ၍ အစဉ်အဆက် မှတ်ယူကြလေသည်။ မင်းဆက် (၃၄) ဆက်မြောက် ပျဉ်ပြားမင်းလက်ထက် (၈၄၉) ခုနှစ်တွင် ပုဂံသည် တံခါး (၁၂) ရပ်၊ ကျုံးမြို့ရိုးအစုံအလင်ဖြင့် ရာဇဌာနီမင်းနေပြည်ဖြစ်လာခဲ့လေသည်။ ဤတွင် ပုဂံခေတ်ဦးပိုင်း ကြောင်းခြင်းရာသည် ဒဏ္ဍာရီပုံပြင်များနှင့် ရောနှောနေလေသဖြင့် မှုန်ရီမှုန်ဝါးရှိချေသည်။ မင်းဆက် (၄၂) ဆက်မြောက် အနော်ရထာမင်း လက်ထက်ရောက်မှ သမိုင်းကြောင်းသည် ပီပြင်ထင်ရှား စပြုလာသည်။

အနော်ရထာမင်း (၁၀၄၄-၁၀၇၇) နန်းသက်မှသည် နရသီဟပတေ့မင်း (၁၂၅၆-၁၂၈၇) နန်းသက်အထိ ပုဂံသည် နှစ်ပေါင်း နှစ်ရာ့ငါးဆယ်ကျော်တိုင်တိုင်ကြီးကျယ်ထည်ဝါခဲ့လေသည်။ ထို့နောက် ပြည်ပမွန်ဂို စစ်ဒဏ်ကြောင့် ပုဂံသည် မင်းနေပြည်အဖြစ်မှ ရွေ့လျောခဲ့လေသည်။

ထိုစဉ်က နိုင်ငံတော်၏ အကျယ်အဝန်းသည် မြောက်ဘက်တွင် ဗန်းမော်အထိ၊ တောင်ဘက်တွင် ထားဝယ်အထိ၊ အရှေ့ဘက်တွင် သံလွင်မြစ်အထိ၊ အနောက်ဘက်တွင် အနောက်ရိုးမအထိရှိခဲ့ပေ၏။ ပုဂံသည် ပူပြင်းခြောက်သွေ့လေ၍ စိုက်ခင်းပျိုးခင်းမကောင်း။ မွန်တို့က တတ္တဒေသဟု ခေါ်ကြသည်။ သို့ရာတွင် ပုဂံ၏ အရှေ့မြောက်ဘက် မိုင် (၉၀) ခန့် အကွာရှိ ကျောက်ဆည်ဒေသတွင်လည်းကောင်း၊ ပုဂံ၏ တောင်ဘက် မိုင် (၇၀) ခန့် အကွာရှိ မင်းဘူးဒေသတွင်လည်းကောင်း ဆည်မြောင်းတူးဖောက်၍ ဆန်စပါးလှိုင်လှိုင် စိုက်ပျိုးကြသည်။ ထိုအခါ ကျောက်ဆည်နှင့်မင်းဘူးဒေသများကို ကျောထောက်နောက်ခံပြု၍ ပုဂံသည်

www.burmeseclassic.com

www.burmeseclassic.com

မျိုးရိက္ခာများ ကုံလုံကြွယ်ဝလေသည် ဖြစ်၏။ ထို့ပြင် ပုဂံသည် ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် ပင်လယ်နှင့် လမ်းပေါက်သည်ဖြစ်ရာ ပင်လယ်ရပ်ခြားတိုင်းပြည်များနှင့်ဆက်သွယ်ရေး အဆင်ပြေခဲ့လေသည်။ ကုန်းလမ်းမှလည်း ပြည်ပနိုင်ငံများနှင့် ဆက်သွယ်နိုင်ခဲ့လေသည်။ ဥပမာအားဖြင့် သီဟိုဠ်မင်း ဝိဇယဗာဟုက ကျေးကုလားတို့ရန်ကို တွန်းလှန်နိုင်ရန် ပုဂံမှစစ်ကူတောင်း၏။ ပုဂံမှစစ်ကူပို့ပေးသည်သာမက သီဟိုဠ်သာသနာ ပြန်လည်ထွန်းကားအောင်လည်း ရဟန်းသံဃာများ ပို့ပေးနိုင်ခဲ့လေသည်။ တစ်ဖန် ပုဂံမှ တရုတ်နိုင်ငံ ဆွန်မင်းများနေပြည်တော်သို့ သံစေလွှတ်၍ ရာဇမဟာမိတ်ဖွဲ့ နိုင်ခဲ့လေသည်။ တစ်ဖန် မဇ္ဈိမဒေသ ဂယာအရပ်ရှိ မဟာဗောဓိစေတီတော် ပျက်စီးနေသည်များကို ပုဂံမှ ရဟန်းရှင်လူအဖွဲ့စေလွှတ် ပြင်ဆင်နိုင်ခဲ့လေသည်။

ပုဂံသည် စီးပွားရေး၊ လူမှုရေး တောင့်တင်းသော တိုင်းကြီးပြည်ကြီးဖြစ်ခဲ့ပေ၏။ သို့ရာတွင် ပုဂံပြည်အဖို့ ပို၍ ထူးခြားသော အခြင်းအရာကား သာသနာရောင်ဝါ ထွန်းလင်းခဲ့ခြင်း ဖြစ်ပေသည်။

သီဟိုဠ် မဟာဝံသကျမ်းအလို ဆိုရသော် ဘီစီ (၃) ရာစုကာလ အသောကမင်းကြီးလက်ထက်တွင် သုဝဏ္ဏဘုမ္မိ (သထုံပြည်?)သို့ ရှင်သောဏနှင့်ရှင်ဥတ္တရတို့ ကြွရောက်သာသနာပြုခဲ့ကြသည်။ အချို့ သုတေသီတို့ကမူ အသောက ကျောက်စာများတွင် ထိုအချက် ဖော်ပြခြင်းမရှိသဖြင့် သုဝဏ္ဏဘုမ္မိ (သထုံပြည်?)၌ သာသနာရောက်ကြောင်းကို လက်မခံလိုကြ။ မည်သို့ပင်ဖြစ်စေ ရှေးဟောင်းသုတေသနဌာန၏ တူးဖော်တွေ့ရှိချက်အရ ပုဂံ၏အရှေ့တောင်ဘက် မိုင် (၉၀) ခန့် အကွာရှိ ဗိဿနိုးဒေသတွင် (၁) ရာစု၌ ဗုဒ္ဓဘာသာအယူဝါဒ ရှိနေပြီဖြစ်ကြောင်းကို အခိုင်အမာ ယူနိုင်လေသည်။ တစ်ဖန် ပုဂံ၏တောင်ဘက် မိုင် (၁၆၀) အကွာရှိ သရေခေတ္တရာ၌လည်း (၅) ရာစုမှ (၉) ရာစုအထိ ဗုဒ္ဓသာသနာ တည်တံ့ခဲ့လေသည်။

BURMESE CLASSIC .com

ဤသို့အားဖြင့် (၁၁) ရာစုမတိုင်မီကပင် ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံတွင် ရှိနေခဲ့လေသည်။ အနော်ရထာမင်း လက်ထက်တွင်ကား သာသနာတော်၏ တိုးတက်မှုသည် အဓိကရ မှတ်တိုင်သဖွယ် ဖြစ်ခဲ့တော့သည်။ အနော်ရထာမင်း သည် သဒ္ဓါကြည်ညိုစိတ်လည်း ပြင်းပြ၏။ ဘုန်းလက်ရုံးနှင့်လည်း ပြည့်စုံလေသည်။ အနော်ရထာမင်း၏ ကောင်းမှုတော် (မြေပုံဘုရား) အုတ်ခွက်များကို အထက်ကသာမှ အောက် တွံတေးအထိ မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့ရလေသည်။ ထို့အတူ အခြားကုသိုလ်ရှင်များ၏ အုတ်ခွက်များလည်း တွေ့ရလေသည်။ ထိုအုတ်ခွက်များအလယ်၌ မြတ်စွာဘုရားသည် ကြာပလ္လင်ပေါ်တွင် တင်ပျဉ်ခွေထိုင်၍ လက်တော်တစ်ဖက်တင် တစ်ဖက်ချလျက် ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင်တော်မူဟန်ပါတတ်၏။ အုတ်ခွက်၏ အောက်ခြေတွင်မူပါဠိဘာသာ၊ သသ်ကရိုက်ဘာသာဖြင့် "ယေဓမ္မာ" အစရှိဂါထာတိုကလေး ပါတတ်လေသည်။ မြန်မာပြန်ရသော်

"အကြင် ခန္ဓာငါးပါး တေဘူမက ဝဋ်တရားတို့သည် အကြောင်းဖြစ်သော သမုဒယသစ္စာသာလျှင် အမွန်အစရှိ ကုန်၏။ ထိုခန္ဓာငါးပါး အစရှိသော တရားတို့၏ အကြောင်းဖြစ်သော သမုဒယတရားကိုလည်း မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုအကြောင်းဖြစ်သော သမုဒယ တရားတို့၏ အကြင်ချုပ်ငြိမ်းရာဖြစ်သော နိရောဓသစ္စာသည် ရှိ၏။ ထိုနိရောဓသစ္စာကိုလည်း မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ရဟန်းကြီးဖြစ်သော ဘုရားသခင်သည် ဤသို့သောအယူ ရှိတော်မူ၏"

ဟူ၍ ဖြစ်၏။ ဤတွင် အနော်ရထာမင်း၏ ကောင်းမှုတော် အုတ်ခွက်၏ ကျောဘက်တွင်



www.burmeseclassic.com

www.burmeseclassic.com

"သိရီအနိရုဒ္ဓဒေဝ (အနော်ရထာ) အမည်ရှိသော မင်းကြီးသည် (သံသရာဝဋ်ဆင်းရဲမှ) ထွက်မြောက်ပါရခြင်းငှာ ဤမြတ်စွာဘုရား၏ (ရုပ်ပွားဆင်းတုတော်တို့)ကို မိမိ၏လက်တော်ဖြင့် သွန်းလုပ်လှူဒါန်းတော်မူသည်"

ဟူသော ဆုတောင်းကမ္ပည်းစာ ပါရှိလေသည်။

မဟာရာဇဝင်ကြီးများအလိုဆိုရသော်သထုံပြည်မှ ရဟန်းတော် ရှင်အရဟံသည် ပုဂံသို့ကြွရောက်၍ အနော်ရထာမင်းကို တရားစစ် တရားမှန် စတင်ဟောကြားခဲ့လေသည်။ ထိုအခါ အနော်ရထာမင်းသည် တရားတော်၌ သဒ္ဓါကြည်ညိုခြင်း ပြင်းပြရကား

"ငါတို့ကား ငါ့ရှင်မှတပါး အခြားကိုးကွယ်ရာ မရှိပြီ။ ငါတို့ ကိုယ်အသက်နှစ်ပါးကို ငါ့ရှင်အား ဆောင်နှင်းတော့သည်။ ငါ့ရှင်အဆုံးအမ၌လည်း ငါခံတော့သည်။"

ဟူ၍ လျှောက်ခဲ့ပေ၏။ ဤတွင် ပရိယတ္တိ သာသနာတော်ရှိမှ ပဋိပတ္တိနှင့် ပဋိဝေဓသာသနာတော်ဖြစ်နိုင်လေသည်။ ပရိယတ္တိဟူသော ပိဋကတ်သုံးပုံသည် ပုဂံ၌ မရှိချေ။ အနော်ရထာမင်းလည်း သထုံပြည်တွင် ပိဋကတ်တော် အစုံ (၃၀) ရှိကြောင်း ရှင်အရဟံထံမှ ကြားသိရလေသည်။ ထိုအခါ သထုံမနူဟာမင်းထံမှ ပိဋကတ်စာပေတို့ကို တောင်းလေသည်။ သထုံမင်းသည် မချေမငံဆိုလိုက်သဖြင့် အနော်ရထာမင်းသည် သထုံကို တိုက်လေသည်။ အောင်တော်မူသောအခါ ပိဋကတ်တော် အစုံ (၃၀) ကို ဆင်ဖြူ (၃၂) စီးတွင်တင်၍ နေပြည်တော် ပုဂံသို့ပင့်လေသည်။ ထို့ပြင် ဓာတ်တော်၊ မွေတော်များကို လည်းကောင်း၊ မင်းမိဖုရား မျိုးမတ်များကိုလည်းကောင်း၊ ဗိသုကာ ပန်းတမော့စသော အနုပညာသည်များကိုလည်းကောင်း နေပြည်တော် ပုဂံသို့ဆောင်ယူလေသည်။

အနော်ရထာမင်းကိုယ်တိုင် အားပေးချီးမြှောက်လေသဖြင့် ပုဂံတွင် ထေရဝါဒဂိုဏ်း ဗုဒ္ဓဘာသာ အခြေတည်ခဲ့သည်ဟု အစဉ်အလာမှတ်ယူကြလေသည်။ ပုဂံတွင် တည်ဆောက်ခဲ့ကြသော စေတီဂူကျောင်းအများစုသည်လည်း ထေရဝါဒဆိုင်ရာ သာသနိက အဆောက်အအုံများဖြစ်ကြသည်။

သို့ရာတွင် ပုဂံပြည်၌ ထေရဝါဒဂိုဏ်း ဗုဒ္ဓဘာသာ အယူဝါဒသာ ရှိသည်မဟုတ်။ ဗုဒ္ဓဘာသာ အခြားဂိုဏ်းနှင့် အခြားဘာသာ အယူဝါဒများလည်း ရှိလေသည်ပင်။ ဤနိုင်ငံ ဤဒေသ အတွင်းသို့ ဗုဒ္ဓသာသနာ ရောက်မလာမီကပင် လူအများအဖို့ နဂါးကိုးကွယ်မှု မိနိုးဖလာ နတ်ကိုးကွယ်မှုတို့ ရှိခဲ့ပြီးဖြစ်၏။ နတ်ကိုးကွယ်မှုနှင့် စပ်၍ဆိုရသော် ပုဂံ၏ အရှေ့တောင်ဘက် မိုင် ၄၀ ခန့်ဝေးသော ပုပ္ပားတောင်သည် မင်းမဟာဂီရိ နတ်မောင်နှမ နတ်ကွန်းရှိရာဌာန ဖြစ်လေသည်။ ပုဂံမင်း အချို့လည်း နှစ်စဉ်နတ်တော်လတွင် ပုပ္ပားတောင်တက်၍ နတ်ကနားပေးကြမြဖြစ်သည်။ မိနိုးဖလာ နတ်ကိုးကွယ်မှု ရှိသည့်နည်းတူ မဟာယာနဂိုဏ်း ဗုဒ္ဓဘာသာလည်း ရှိ၏။ ဤတွင် ထေရဝါဒဂိုဏ်းအဖို့ ဒါန သီလ ဘာဝနာပွားများ၍ မဂ်ဖိုလ် နိဗ္ဗာန်ဆိုက်ရောက်ရေးသည် အဓိကအချက်ဖြစ်လေသည်။ မဟာယာနဂိုဏ်း၌မူ မေတ္တာ ကရုဏာတရားသည် ရှေ့သွားခေါင်းဆောင်ဖြစ်၏။ ထိုအခါ သတ္တဝါအပေါင်းကို ကယ်ချွတ်ရန် အလို့ငှာ မိမိကိုယ်တိုင် ဗောဓိသတ္တကျင့်စဉ် လိုက်နာခြင်း အမူသည်ရှိ၏။ ထို့ပြင် သတ္တဝါအပေါင်းကို ဆင်းရဲဒုက္ခမှ ကယ်တင်နိုင်ရန်အတွက် နိဗ္ဗာန်မဝင်သေးဘဲ စောင့်ရှောက်နေကြသော ဗောဓိသတ္တများအား လူတို့ကိုးကွယ်ဆည်းကပ်ခြင်း အမူသည် ရှိ၏။ ထိုဗောဓိသတ္တတို့



www.burmeseclassic.com

www.burmeseclassic.com

အပြုအမူကို အချို့သောဂူဘုရား ဆေးရေးပန်းချီများ၌ မြင်နိုင်ပါလေသည်။ ထို့ပြင်တဝ ပုဂံ၌ဗြာဟ္မဏ ဟိန္ဒူဝါဒ ရှိပြန်လေသည်။ မင်းခမ်းမင်းနားများ၌ပင် ဟိန္ဒူဓလေ့ထုံးစံအချို့ကို လက်ခံကျင့်သုံးလေသည်ဖြစ်၏။

ထေရဝါဒဗုဒ္ဓသာသနာသည်လည်း အလွန်ထွန်းကားလာခဲ့တော့သည်။ ပုဂံသူ ပုဂံသားတို့လည်း သဒ္ဓါကြည်ညို စိတ်ကြီးစွာဖြင့် ကုသိုလ်ကောင်းမှု ပြုကြပေ၏။ ရက်ရက်ရောရော လှူကြတန်းကြပေ၏။ အောက်တွင် ကောက်နုတ် ဖော်ပြထားသော သခင် ကက်သူ့မယား၏ အလှူဒါနသည် သာဓကတစ်ခုပေတည်း။

"မိမိအသက်နှင့်တူသော မျက်စိမျက်ဆန်နှင့်တူသော မိမိချစ်စွာသော လင်အတို့သခင် ကက်သူ ပျံတော် မူခဲ့ရကား အတည်မရှိသော တရားကိုသိ၍ ထိတ်လန့်၍ ရတနာ (၃)-ပါးကိုရည်၍ အရပ် (၃)-ပါးပြုသတည်း။ ဤလူတွင်၌ အတိုင်းမသိ သဒ္ဓါစွာသော ကြည်ညိုစွာသော နှလုံးဖြစ်လတ်၍ ကောင်းမှုအကျိုးကား ပျံခဲ့သော ငါ့သခင် (၁)-ယောက်၊ ငါ့မိခင် (၁)-ယောက်၊ ငါ့ခမည်း (၁)-ယောက် ဤသူ (၃)-ယောက် ရစေသတည်းဟူ၍ အရပ် (၃)-ပါးကို တည်သတည်း။ သာသနာ အထောက်အပင့် ဖြစ်ချင်ရကား အတွင်းသော ဥစ္စာပတ္တမြားစသော ရွှဲမြတ် (၉)-ပါး၊ ရွှေ၊ ငွေ၊ ကြေးနီ၊ ကြေးဖြူ သံသလွှဲ ကုန်လောက် (ခနောက်)၊ အပသော ဥစ္စကား လှေ၊ ဆင်၊ နွား၊ ကျွဲ၊ ဆိတ်၊ ဆင်စွယ်စသော သတ္တဝါ၊ ကျွန်ရွာ၊ မဟာဒါန်လယ်၊ ဥယျာဉ် ဤမျှသော ဥစ္စာကို ဘုရားသခင် သာသနာလျှင် တပ်ရာမဲ့ စွန့်ကြဲသောမူ၍ ၃-ပါးသောအရပ်ကို အဖို့ အဖို့ ခွဲဝေသောမူလတ်၍ မြေကြီး အသုန္ဓရေ (ဝသုန္ဓရေ) လျှင် သက်သေမူလတ်၍ အလှူရေသွန်း၏။"

ဤသို့ ကုသိုလ်ကောင်းမှုပြုကြရာ၌ တမလွန်ကာလတွင် သုဂတိဘုံရောက်ရန် ရည်မှန်းသည်လည်း ရှိ၏။ နောင်ပွင့်လတ္တံ့သော အရိမေတ္တယျဘုရားရှင်ကို ဖူးတွေ့၍ ကျွတ်တန်းဝင်ရန် ရည်မှန်းသည်လည်း ရှိ၏။ အချို့ကမူ ဘုရားဆုကိုပင် တောင်းတတ်ကြလေသည်။ အလောင်းစည်သူမင်းကြီး (၁၁၁၃-၁၁၆၃)သည် ရွှေဂူဘုရားကို ၁၁၃၁ ခုနှစ်တွင်တည်ဆောက်ပြီးနောက် ပါဠိအလင်္ကာ ဂါထာစီ၍ ဆုတောင်းခဲ့လေသည်။ ထိုဂါထာကို ကောက်နုတ်မြန်မာပြန် ရသော်

"ငါသည် ဤကောင်းမှုကံကြောင့် ၃၂ဖြာ လက္ခဏာနှင့် ပြည့်စုံသော ကေတုမာလာ (ရောင်လျှံတော်)ဖြင့် တင့်တယ်ထသော၊ စိမ်းနီပြာဝါ ဣန္ဒြာသနင်း သိကြားမင်းလေး-သက်တင်ရေးတို့ဖြင့် တင့်တယ်သော တောင်တို့ သနင်း မြင်းမိုရ်မင်းကဲ့သို့ စကြဲ့ကြွတော်မူလျက် တရားဟောတော်မူခြင်းဖြင့် သတ္တဝါတို့ကို သံသရာတည်းဟူသော အနှောင်အဖွဲ့မှ လွတ်စေတော်မူသော အရိမေတ္တယျအမည်ရှိသော ဘုရားရှင်ကို ဖူးမြင်ရ၍၊ သူတော်ကောင်း တို့၏ တရားတော်ကိုကြားနာရ၍ ရဟန်းသံဃာနှင့်တကွသော ထိုအရိမေတ္တယျ မြတ်စွာဘုရားကို လေးပါး ကုန်သော ပစ္စည်းတို့ဖြင့် ရိုသေစွာပူဇော်၍ ရသေ့ရဟန်း ဂုဏ်ပန်းစုံစွာ အဓိကာရ ဆန္ဒရှေ့သွား ရှစ်ပါးအင်္ဂါ အကြောင်းရပ်တို့နှင့် ပြည့်စုံသည်ဖြစ်၍၊ ထို အရိမေတ္တယျ ဘုရားရှင်သည် နတ်လူထပ်ထပ် ပရိသတ်တို့၏ တရားသဘင်ပွဲလယ်ပြင် ဘုရားဖြစ်ခြင်းအကျိုးမှာ မည်သည့်အခါ ကပ်ကမ္ဘာ၌ ငါသို့ထင်ရှား ဘုရားဖြစ်လတ္တံ့ ဟူသော ဗျာဒိတ်စကား မိန့်ကြားတော် မူအပ်သည် ဖြစ်ရလို၏"

ဟူ၍ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

မွန်မြတ်လှသော ဆုတောင်းပါပေ။ မည်သည့်ဆုတောင်းပင်မဆို မိမိပြုခဲ့သော ကောင်းမှုကုသိုလ် အကျိုးသည် မိမိတစ်ဦးတည်းအတွက်သာမဟုတ်။ ထိုကုသိုလ်၏ အဖို့ဘာဂကို အများသတ္တဝါကိုလည်း ပေးဝေလေသည် ဖြစ်၏။ (မင်းဝိုင်း) ဖွားစော၏ကျောက်စာကို အောက်တွင်ကြည့်ပါလေ။

"ငါပြုသော ကောင်းမှုအကျိုးကား ရေမြေခပ်သိမ်းသော အသခင်ဖြစ်ထသော မြတ်စွာသော ငါ့လင်သိခင်မင်းကြီး၊ ငါ့သားမင်းကြီး၊ ငါ့မြေးမင်းကြီး။ ဤမင်းကြီး သုံးယောက်စသော နှောင်လာ လတ်အံ့သော မင်းခပ်သိမ်းလည်း ငါ့အတူ ရစေသတေး။ မင်းသား မင်းသမီး အမိဖုရားစသော မောင်းမခပ်သိမ်း၊ အမတျာစသော မိုလ်ပါခပ်သိမ်း၊ အောက်အဝီစိစသော အထင်ဖဝက်တိုင်အောင် အတို့စကြာဝလာစသော စကြာဝလာနှိုက်နေသော သိကြား ပြဟ္မာ စတုလောကပါလာနတ်မင်းစသော နတ်ခပ်သိမ်း၊ တတောယမမင်း၊ လူစသော သတ္တာခပ်သိမ်းလည်း ငါ့ကောင်းမှုအဖို့ ရစေကုန်၏။ သံသရာဆင်းရဲမှ ထွက်မြောက်ခဲ့၍ ဆင်းရဲမဲ့သော နိဗ္ဗာန်ပြည်သို့ ရောက်စေကုန်၏"

ဤကား အပါယ် ၄-ဘုံ၊ လူ့ဘုံ၊ နတ်ပြည် ၆-ထပ်၊ ပြဟ္မာဘုံ-၂၀ ဟူသော ၃၁-ဘုံသားများကို စေတနာကြီးစွာဖြင့် (မင်းဝိုင်း) ဖွားစောက ကုသိုလ်အဖို့ဘာဂ ဝေမျှခြင်းပေတည်း။

ပုဂံသူပုဂံသားတို့သည် အလှူဒါန ရက်ရောကြပါပေသည်။ သူတို့သည် ဘုရားဂူကျောင်း တည်ဆောက်ကြ ရာတွင် ဆိုင်ရာပစ္စည်း ဝတ္ထုများအတွက် ကုန်ကျရ၏။ ပန်းချီ၊ ပန်းပဲ၊ ပန်းပု၊ ပန်းရန် စသူတို့ကို လက်ခပေးရ၏။ သူတို့ စားသောက်နေထိုင်ရေးအတွက် စားနပ်ရိက္ခာနှင့် ပုချည်ဖျင်၊ ခါးစီးစသော အဝတ်များကို ပေးရ၏။ ပေးရကုန်ရသည်မှာ မနည်းပါပေ။ ပမာအားဖြင့် အစောကြွမ်းသခင် ဂူတည်ရာတွင် ကုန်ကျခဲ့သည်မှာ

အပေါင်းကြီး ကူ (ဂူ) ဖွယ်သောငွေကား ၁၇၄၇ ပယ် ၃ လုံး

အပေါင်းကြီး ခွက်ကား ၇၄ ပိဿာ

အပေါင်းကြီး ပုဆိုးကား ၁၁၃ ထည်

အပေါင်းကြီး ကူ (ဂူ) ထွတ်လိန်း (လိမ်း) သောရွှေ ၂၃ ကျပ်

အပေါင်းကြီး ပြတား (ဒါး) ၉၂ ကျပ်

အပေါင်းကြီး စပါး ၁၈၆၇ ႆ (တင်း)

အပေါင်းကြီး ကွမ်းသီး ၂ ကဍင်နှင့် ၁၁၆ (၆)?လုံး



www.burmeseclassic.com

www.burmeseclassic.com

အပေါင်းကြီး ဖြေတ် (ရုတ်) $\frac{၇}{၃၂}$ (ပိဿာ)

အပေါင်းကြီး ဆား ၇$\frac{၁}{၂}$ (ပိဿာ)

အပေါင်းကြီး ကူ (ဂူ) ထွတ်ခုတ်သော ကြေးကား ၆၆ ပိဿာ ဖြစ်လေသည်။

ပုဂံပြည်ကြီး ကောင်းစားစဉ်ကသော် စေတီဂူကျောင်းကဲ့သို့ ကျောက်အုတ်ဖြင့် တည်ဆောက်သော သာသနိက အဆောက်အအုံ အများအပြားလည်း ရှိခဲ့၏။ နန်းတော်၊ လူနေအိမ်ကဲ့သို့ သစ်ဝါးဖြင့် တည်ဆောက်သော အဆောက်အအုံများလည်း အပုံပင် ရှိလေသည်။ သို့ရာတွင် သစ်၊ ဝါး၊ အဆောက်အအုံများမှာ နှစ်ကာလ ကြာညောင်းလာသည်နှင့်အမျှ ပျက်စီးကုန်လေပြီ။ ကျန်ရှိနေသည်မှာ ကျောက်အုတ် အဆောက်အအုံများသာ ဖြစ်ကြသည်။

ကျောက်အုတ်အဆောက်အအုံအမျိုးအစားကို ရှေးလူတို့သည် ၁-ရာစု ဗိသနိုးခေတ်ကတည်းက တည်ဆောက်ခဲ့ကြလေသည်။ နှစ် ၁၀၀၀ ခန့်အကြာ ပုဂံပြည်၌ ဗုဒ္ဓသာသနာ ထွန်းကား၍ စေတီဘုရား အမြောက်အမြား တည်ဆောက်လာသည့်အခါမူကား ပုဂံရှိ ပန်းရန်သမား၊ ကျောက်ဆစ်သမားတို့မှာ ဘုရား ဗိသုကာနှင့် အနုပညာဘက်၌ အတွေ့အကြုံ ကြွယ်ဝနေကြလေပြီ။ သူတို့သည် အုတ်ဆက်၊ အုတ်စီ၊ အုတ်နင်း တော်ကြပါပေသည်။ အုတ်နှင့်ကျောက်ကို သင့်လျော်အောင် ပူးတွဲသုံးတတ်ကြပါပေသည်။ အင်္ဂတေ ထုံးသရွတ်အကိုင် လိမ္မာကြပါပေသည်။ ထို့ပြင် ပုဂံသည် ဗိသုကာနှင့် အနုပညာကို အိန္ဒိယမှ နည်းယူ သင်ကြားခဲ့သည် မှန်၏။ သို့ရာတွင် ဤရေမြေ၌ အဆောက်အအုံ တည်ဆောက်လာသောအခါ မြန်မာ့ဗီဇ၊ မြန်မာ့ဟန်နှင့်လိုက်အောင် ပြုပြင်မွမ်းမံခဲ့လေသည် ဖြစ်၏။ တစ်ဖန် အိန္ဒိယရှိ အဆောက်အအုံများ၌ မတွေ့ ရသော သပ်စီပေါင်းကူးနှင့် ခုံးကို ပုဂံဗိသုကာတွင် ထိထိရောက်ရောက် အသုံးပြုနိုင်ခဲ့လေသည်။

သရပါတံခါးမှတစ်ပါး ပုဂံရှိ အဆောက်အအုံများသည် စေတီဂူကျောင်းစသော သာသနိက အဆောက်အအုံများသာ ဖြစ်ကြသည်။

စေတီပုံသဏ္ဌာန်များကို ကြည့်မည်ဆိုသော် အဓိကအားဖြင့် လေးမျိုး တွေ့ရလိမ့်မည်။

တစ် ။ ။ ဘူးဘုရား၊ ငကြွဲနားတောင်းစေတီကဲ့သို့ သပိတ်မှောက်ပုံ လုံးပတ်သဏ္ဌာန်ရှိသော အမျိုးအစား ဖြစ်လေသည်။ ရှေးကျ၏။

နှစ် ။ ။ ကနဦး၌ ပစ္စယာများနှင့်တကွ ခေါင်းလောင်းပုံ လုံးပတ်သဏ္ဌာန် ရှိသည်။ ဖောင်းရစ် (အထွတ်) တက်သည်။ နောက်တစ်ဆင့်မှာကား လေးထောင့်ပစ္စယာသုံးဆင့်နှင့် ရှစ်ထောင့်ကြာဝန်းခံပြီး ခေါင်းလောင်းပုံ သပိတ်မှောက်လုံးပတ်သဏ္ဌာန် ဖြစ်လာသည်။ ရင်ဖွဲ့ခါးပတ်လည်း ပါလာသည်။ လောကနန္ဒာနှင့် ရွှေဆံတော်စေတီများသည် ကနဦးပုံစံများဖြစ်ကြပြီး ရွှေစည်းခုံနှင့် မင်္ဂလာစေတီများသည် နောက်ပုံစံများဖြစ်ကြသည်။

သုံး ။ ။ အခြေခံအားဖြင့် အမှတ်နှစ် အမျိုးအစားနှင့် တူ၏။ သို့ရာတွင် သပိတ်မှောက်နှင့် ဖောင်းရစ် (အထွတ်)အကြား၌ အရစ်ပိုင်းများပါသော ဖရုံဘုံး (အာမလက) ထပ်တိုးလာသဖြင့် စိမ်းညက် ညီမပုထိုးသည် သာဓက ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

လေး ॥ ॥ သီဟိုဠ်ပုံ တုထား၏။ အောက်ခြေအုတ်ခုံဝိုင်း၌ ခေါင်းလောင်းပုံ လုံးပတ်သဏ္ဌာန် ရှိသည်။ ထို့နောက် ဓာတုဂဗ္ဘ သို့မဟုတ် ဟာမိက ခေါ် ဓာတ်တော်တိုက် လေးထောင့်ပုံသည် ခေါင်းလောင်းပုံနှင့် ထုပိကာ (အထွတ်)ကြားတွင် ရှိနေသည်။ ဆပဒစေတီသည် သာဓက ဖြစ်လေသည်။

လိုဏ်ဂူများအတွက်ဆိုရသော် ပန္နက်ပုံစံသည် ယေဘုယျအားဖြင့် လေးထောင့် ဖြစ်လေသည်။ အမျိုးအစားကား နှစ်ခု ရှိပေ၏။ တစ်မျိုးမှာ မုခ်တစ်ဖက်ဂူ (တစ်ဝဂူ)ဖြစ်၍ ကုလားကျောင်း (ဂန္ဓကုဋီ) နောက်ဘက်နံရံတွင် ပလ္လင်တံကဲနှင့် ဆင်းတုရုပ်ပွား ထားရှိသည်။ ဒုတိယအမျိုးမှာ မုခ်လေးဖက်ရှိသည့်အပြင် ဂန္ဓကုဋီအလယ်တွင် ဗဟိုမဏ္ဍိုင် ရှိသည်။ ထိုမဏ္ဍိုင်အချိုင့်များတွင် ဆင်းတုရုပ်ပွားများ ထားရှိသည်။ ဂန္ဓကုဋီ အဆောင်ကြီးကို တိုးချဲ့၍ အာရုံခံမုခ် တစ်ဖက်ဖြစ်စေ၊ လေးဖက်ဖြစ်စေ ထုတ်ထားတတ်သေး၏။ ကုလားကျောင်း အပေါ်၌မူ ပစ္စယာများဆင့်ကာ ပစ္စယာအထက်၌ စေတီ (ထူပါ) ပေါက်ထားသည်လည်း ရှိသည်။ ကွမ်းတောင် နှင့် စေတီငယ်ပေါက်ထားသည်လည်း ရှိ၏။ အမှန်ဆိုလျှင် ပုဂံ၌ ကွမ်းတောင်ပေါက်လိုဏ်ဂူဘုရားသာ များပေသည်။ ထိုကွမ်းတောင်မှာလည်း အိန္ဒိယမဇ္ဈိမဒေသရှိ ဂူဘုရားအထက်၌ သိခရ (တောင်ထွတ်) အလုပ်အဆောင်နှင့် သဏ္ဌာန်တူ၏။ ဤတွင် ပုဂံလိုဏ်ဂူဘုရားရှိ ကွမ်းတောင်ကို နှစ်မျိုးနှစ်စား မြင်နိုင်လေသည်။ တစ်မျိုးသည် ကွေးကွေးဝိုက်ဝိုက် ပုံသဏ္ဌာန်ဆောင်သော ကွမ်းတောင်ဖြစ်၍ ကျန်တစ်မျိုးမှာ မဟာဗောဓိပုံ ကွမ်းတောင်ရှည် ဖြစ်လေသည်။ ပုဂံ၌ ပထမအမျိုးအစားက ပိုများလေသည်။

ပုဂံခေတ်တစ်လျှောက်တွင် လိုဏ်ဂူဘုရား ဗိသုကာအနုပညာသည် တိုးတက်ပြောင်းလဲလာခဲ့လေသည်။ ၁၂ ရာစု အစောပိုင်းပုံစံကို ခေတ်ဦးပိုင်းလက်ရာဟူ၍လည်းကောင်း၊ ၁၂ ရာစုနောက်ပိုင်းပုံစံကို ခေတ်နှောင်း ပိုင်းလက်ရာဟူ၍လည်းကောင်း မှတ်ယူနိုင်လေသည်။ ခေတ်ဦးပိုင်းလက်ရာတွင် လိုဏ်ဂူ (ကုလားကျောင်း) အတွင်းခန်း၌ ပေါင်းကူးသည် နိမ့်၏။ အလင်းရောင်သည်လည်း အပြင်နံရံရှိ ကျောက်ပြတင်း၊ အုတ်ဇာပေါက် ပြတင်းမှဖြစ်စေ၊ ကုလားကျောင်းအထက် တစ်ဖက်ကော့အမိုး (မိုးလျှော)ရှိ အလင်းရောင်ပေါက်မှဖြစ်စေ အတွင်းသို့ ခပ်မှိန်မှိန်ဝင်လာ၏။ ထိုလိုဏ်ဂူဘုရားမျိုးမှာ ပုထိုးသားများ၊ နဂါးရုံ၊ ဂူပြောက်ကြီး (မြင်းကပါ)၊ အာနန္ဒာတို့ဖြစ်ကြသည်။ ခေတ်နှောင်းပိုင်းလက်ရာတွင်မူ မုခ်မြင့်မြင့်နှင့် လေသာပြတင်းတို့မှတစ်ဆင့် ကုလား ကျောင်းအတွင်းသို့ အလင်းရောင်ရော လေကောင်းလေသန့်ပါ ကောင်းစွာဝင်နိုင်ပေသည်။ လိုဏ်ဂူမှာလည်း ပျပ်ဝပ်သောအသွင်မှ မိုးထက်သို့ တလူလူလွင့်ကာ မြင့်မားသောအသွင်သဏ္ဌာန်ကို ဆောင်လာသည်။ ဘုံ နှစ်ဆင့်နှင့် ဖြစ်လာသည်။ ထို့ပြင် ကုလားကျောင်းအထက်၌ အမိုးဆင်ခြေလျှောအစား တည့်မတ်သော ပစ္စယာဝင်လာသည်။ အုတ်အရွယ်အစား သေးသေးသုံးလာသည်။ သစ်သားအထိန်းပေါင်မပါဘဲ သပ်စီခုံး ရဲရဲသုံးလာသည်။ ခေတ်နှောင်းပိုင်းလက်ရာများတွင် တစ်ထပ်ဂူဘုရားများမှာ သကျမုနိ၊ သမ္ဗူလ၊ လေးမျက်နှာ တို့ဖြစ်ကြ၍ နှစ်ထပ်ဂူ (လိုဏ်နှစ်ဆင့်)တို့မှာ စူဠာမဏိ၊ ဂေါ်တော်ပလ္လင်၊ ထီးလိုမင်းလိုတို့ ဖြစ်ကြလေသည်။

အချို့သုတေသီများက ကျောက်စာ၊ ဂူနံရံမင်စာ၊ ပန်းချီကမ္ပည်းစာနှင့် စဉ့်ကွင်းစာများကို အထောက် အထား ပြု၍ ခေတ်ဦးပိုင်းလက်ရာကို "မွန်ပုံစံ" ဟူ၍လည်းကောင်း၊ ခေတ်နှောင်းပိုင်းလက်ရာကို "မြန်မာပုံစံ" ဟူ၍လည်းကောင်း အမည်ပေးလေသည်။ သူတို့ အကြောင်းပြသည့်အတိုင်းပင် ကျန်စစ်သားမင်း (၁၀၈၄- ၁၁၁၃) လက်ထက်၌ မွန်ဘာသာဖြင့်သာ ကမ္ပည်းထိုးခဲ့သည်တွင် နရပတိစည်သူမင်း (၁၁၇၄-၁၂၁၁) လက်ထက် ရောက်သော်ကား မြန်မာဘာသာကိုသာ လုံးဝသုံးစွဲလေသည် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

စေတီလိုဏ်ဂူဘုရား ဗိသုကာအနုပညာတွင် ပြင်ပတန်ဆာဆင်ခြင်းအမှုသည် အရေးကြီးသောကဏ္ဍတစ်ရပ်ဖြစ်လေသည်။ မွမ်းမံတန်ဆာဆင်သည့်မှာလည်း ဂူ (ကုလားကျောင်း) ပြင်ပအုတ်ခုံ၊ နံရံနဖူးစည်း၊ တိုင်ဖုံး၊ စုလစ်တံကဲနေရာများသာ ဖြစ်ပေ၏။ ထိုအခါ အောက်လေသီမှ စိန်တောင်များ၊ နဖူးစည်းဘီလူးပန်းဆွဲများ၊ ထို့နောက် စုလစ်ချွန်းနှစ်ဖက်မှ မကန်းရုပ်များ၊ မုခ်တံကဲ၊ မုခ်တုရင်ဝဲယာမှ ခြင်္သေ့အဆော်များ၊ ကိန္နရီ ကိန္နရာအဆော်များ၊ ရာမလက်ညှိုး အချွန်အတက်များသည် ခြူးပန်း ခြူးနွယ်များနှင့် ရစ်ပတ်ကာ မုခ်ဝမှာ ပန့်ရလာတော့သည်။ အဝေးမှကြည့်လိုက်သော် ထိုအင်္ဂတေပန်း အစီအရင်များသည် ရောင်လျှံတွေ တပြောင်ပြောင်တလျှပ်လျှပ် ထွက်နေသည်ဟု ထင်ရလေသည်။ တစ်နည်းဆိုရပြန်သော် ဂူအတွင်းမှ ဘုရားဂုဏ်တော်၊ ရှိန်တဇော်တို့ တစ်ခဲနက်ထွန်းပေါ် ကွန့်မြူးလာဘိသကဲ့သို့ ဖြစ်လေသည်။ ဂူအထက်ပိုင်းတွင်ကား သူ့ရဲခိုစိန်တောင်များ ထောင့်စေတီများသည် ပစ္စယာဆင့်များကို ထည်ဝါတင့်တယ်စေလေသည်။ ဤသို့အားဖြင့် လိုဏ်ဂူ အနေအထားသည် မားမားစွင့်စွင့်ဟန်ပေါ်လာ၏။ ထို့ပြင် ဘုရားဖူး၏ အာရုံတွင် အုတ်ကျောက်ကုန်းမို့မို့ အသွင်ပျောက်၍ ပြာသာဒ်ဘုံပျံ့အသွင် ထင်မြင်လာလေသည်။

စေတီပုထိုး တည်ခြင်းအကြောင်းနှင့်စပ်လျဉ်း၍ မြတ်စွာဘုရားသခင်သည် အာနန္ဒာမထေရ်အား ဤသို့ မိန့်ခဲ့ဖူးလေသည်။

> "အာနန္ဒာ၊ စကြဝတေးမင်း၏ အလောင်း၌ ဆောင်ရွက်ကုန်သကဲ့သို့ ထို့အတူ မြတ်စွာဘုရား၏ အလောင်းတော်၌လည်း ဆောင်ရွက်အပ်ပေ၏။ လမ်းမ လေးခွဆုံရာ၌ မြတ်စွာဘုရား၏ စေတီကို (တည်ထား)အပ်ပေ၏။
>
> ထို (စေတီ)၌ အကြင်သူတို့သည် ပန်းကိုဖြစ်စေ၊ နံ့သာကိုဖြစ်စေ၊ နံ့သာမှုန့်ကိုဖြစ်စေ တင်မူလည်း တင်ကုန်လတ္တံ့။ ရှိခိုးမူလည်း ရှိခိုးကုန်လတ္တံ့။ စိတ်ဖြင့်မူလည်း ကြည်ညိုကုန်လတ္တံ့။ ထိုသို့ ပြုခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး ထိုသူတို့အား စီးပွားချမ်းသာ အလို့ငှာ ဖြစ်လတ္တံ့။
>
> အာနန္ဒာ၊ အဘယ်သို့သော အကျိုးထူးကိုစွဲ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို စေတီတည်ထိုက်သနည်း။
>
> အာနန္ဒာ၊ "ဤ (စေတီ)သည် ပူဇော်အထူးကို ခံတော်မူထိုက်သော၊ (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား၏ စေတီတည်း"ဟု လူအများတို့သည် စိတ်ဖြင့် ကြည်ညိုကုန်၏။ ထိုသူတို့သည် ထို (စေတီ)၌ စိတ်ဖြင့်ကြည်ညိုပြီးသော် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရကုန်၏။
>
> အာနန္ဒာ၊ ဤအကျိုးထူးကိုစွဲ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို စေတီတည်ထိုက်၏။

ဤသို့လျှင် စေတီပုထိုးသည် ဘုရားရဟန္တာတို့၏ (သာရီရိက) ဓာတ်တော်မွေတော် ဌာပနာရာဖြစ်လေသည်။ လိုဏ်ဂူ၌လည်း (ဓာတ်တော်မွေတော် ရှိသည့်အပြင်) ဆင်းတုရုပ်ပွားကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်ရှိလေသည်။ ဆက်၍ဆိုရသော် မြတ်စွာဘုရားသည် လူတို့အဖို့ ကိုးကွယ်ပူဇော်ရာပုဂ္ဂိုလ် ဖြစ်ပေ၏။ တစ်ဖန်ဓာတ်တော်မွေတော်သည်လည်းကောင်း၊ ဆင်းတုရုပ်ပွားသည်လည်းကောင်း မြတ်စွာဘုရားကိုယ်စား လူတို့



www.burmeseclassic.com

www.burmeseclassic.com

ပူဇော်နလုံးသွင်းရန် ဝတ္ထုပစ္စည်းများ ဖြစ်လေသည်။ ဓာတ်တော်မွေတော်နှင့် ဆင်းတုရုပ်ပွားကိုပူဇော်၍ ဘုရားဂုဏ်တော်ကို နှလုံးသွင်းခြင်းအမှုသည် မြတ်စွာဘုရားကို ပူဇော်ခြင်းနှင့် အကျိုးအာနိသင် တူမျှ၏။ ထို့ကြောင့် ထိုဓာတ်တော်၊ ထိုဆင်းတုကိုလည်း ဘုရားဟူ၍ ဝေါဟာရတစ်မျိုးတည်း ခေါ်ဝေါ်ရလေသည်။

ဆင်းတုရုပ်ပွားများကို လက်ဟန် (မုဒြာ)၊ ခြေဟန် (အာသန)လိုက်၍ ပုံသဏ္ဌာန် ၆-မျိုး ခွဲနိုင်လေသည်။

၁ ။ ။ တင်ပျဉ်ခွေပုံဖြစ်၏။ (ဘူမိဖဿမုဒြာ) လက်တော်တစ်ဖက်တင် တစ်ဖက်ချ၊ (ဝါ) ညာဘက်လက်ကို မြေကြီးနှင့်ထိထားသည်။ ဤသည်မှာ ဗောင်ဗုဒ္ဓဟေပင်ရင်း၌ တရားအားထုတ်နေသော ဘုရားလောင်းကို မာရ်နတ်က စစ်ခင်းလေ၍ မိမိသည် ကမ္ဘာပေါင်းများစွာ ကုသိုလ်ပါရမီ ဖြည့်ဆည်းခဲ့ကြောင်း မြေကြီးကို သက်သေထူဟန် ဖြစ်လေသည်။ ဗောဓိပင်နှင့် ရွှေပလ္လင် အောင်ခန်းဟုလည်း ခေါ်ကြ၏။

၂ ။ ။ တင်ပျဉ်ခွေပုံဖြစ်၏။ (ဓမ္မစက္ကမုဒြာ) ညာဘက်လက်မနှင့် လက်ညှိုးကို ဘယ်ဘက်လက်တစ်ချောင်းချောင်းနှင့်ထိလျက် ရင်မှာအပ်ထားသည်။ ဤသည်မှာ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ ၅-ဦးအား တရားဦးဟောဟန် ဖြစ်လေသည်။

၃ ။ ။ တင်ပျဉ်ခွေပုံဖြစ်၏။ (ဈာနမုဒြာ) ပေါင်ပေါ်တွင် ဘယ်ဘက်လက်ဖဝါးကိုဖြန့်၊ ညာဘက်လက်ဖဝါးကို ဘယ်ဘက်လက်ဖဝါးပေါ်တွင် လှန်၍တင်ထားသည်။ ဤသည်မှာ ဈာန်သမာပတ်ဝင်စားဟန် ဖြစ်လေသည်။

၄ ။ ။ မတ်ရပ်ပုံဖြစ်၏။ ဘယ်ဘက်လက်ဖဝါးကို အပြင်ဖြန့်ထားပြီး လက်ချောင်းများကို အောက်စိုက်ထားသည်။ ညာဘက်လက်ဖဝါးကို အပြင်ဖြန့်ထားပြီး လက်ချောင်းများကို အပေါ်ထောင်ထားသည်။ ဤသည်မှာ (ဝရဒမုဒြာ) သတ္တဝါတို့ လိုအင်ဆန္ဒပြည့်ဝစေရန် ဘယ်ဘက်လက်ဖြင့် ဆုပေးဟန်ဖြစ်၍ (အဘယမုဒြာ) ချစ်သားတို့ မစိုးရိမ်ကြလင့်ဟု ညာဘက်လက်ဖြင့် အားပေးဟန် ဖြစ်လေသည်။

၅ ။ ။ မတ်ရပ်ပုံဖြစ်၏။ လက်ဟန်မှာမူ ပုံစံ ၂ အတိုင်း ဖြစ်လေသည်။

၆ ။ ။ လျောင်းတော်မူပုံ ဖြစ်၏။ ညာဘက်ပါးကို ညာဘက်လက်ဖဝါးပေါ်တင်လျက် လက်ယာနံတောင်းဖြင့် ကိန်းဝပ်သည်။ ဤသည်မှာ မလ္လာမင်းတို့၏ အင်ကြင်းပင်စုံအကြား ဥယျာဉ်စောင်း၌ ပရိနိဗ္ဗာန်ပြုဟန် ဖြစ်လေသည်။

ပုဂံသား ပန်းရန်၊ ပန်းပဲ၊ ပန်းထိမ်၊ ပန်းပု၊ ကျောက်ဆစ်ပညာသည်များသည် ဆင်းတုရုပ်ပွားထုလုပ်ရာတွင် လက်ဟန်ခြေဟန်များသာမက မဟာပုရိသလက္ခဏာတော်ကြီး ၃၂ ပါး သဘောပါဝင်လေအောင် ရှေးခေတ် အိန္ဒိယမဇ္ဈိမဒေသမှ ဆင်းတုထုလုပ်ခြင်း နည်းနာနိဿယများကို လေးစားလိုက်နာကြလေသည်။ လက္ခဏာတော်ကြီး (၃၂) ပါးဆိုသည်မှာလည်း ခြသေ့်မင်း ကိုယ်ရှေ့ပိုင်းနှင့်တူသော ပြည့်ဖြိုးသော ကိုယ်ရှိခြင်း၊ ဇော်သားကောင်၏ သလုံးမြင်းခေါင်းကဲ့သို့သော သလုံးမြင်းခေါင်းရှိခြင်း၊ သင်းကျစ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိခြင်း၊ မျက်ခုံးနှစ်ခုကြားတွင် ဖြူစင်စွာသော ဥဏ္ဏာလုံမွေးရှင်တော်ရှိခြင်း၊ စကြာရတနာဖြင့် မှတ်အပ်သော



www.burmeseclassic.com

www.burmeseclassic.com

ခြေတော်ရှိခြင်း စသည်တို့ဖြစ်သည်။ ပုဂံခေတ် အနုပညာလက်ရာများတွင် ရှေးခေတ် အိန္ဒိယမဇ္ဈိမဒေသ အနုပညာဇာတိလည်း ပါ၏။ မြန်မာ့ပညာ မြန်မာ့စိတ်ဓာတ် သဘောလည်း ဆောင်လေသည်။

ရွှေဆံတော်စေတီအနီး၌တွေ့ရသော ကြေးဆင်းတုတစ်ဆူကို နမူနာကြည့်ပါလေ။ ထိုဆင်းတုရုပ်ပွားသည် ကြာပလ္လင်ထက်၌ (ဘူမိဖဿမုဒြာ) လက်တစ်ဖက်တင် တစ်ဖက်ချ စံပယ်လျက် ရှိလေသည်။ ဉာဏ်တော်မှာ ဆင်းတုတော်စနစ်ကျမ်းလာ အတိုင်းအထွာနှင့်အညီ ဖြစ်လေသည်။ မျက်နှာတော် ခပ်ပြည့်ပြည့်ရှိ၏။ မျက်ခုံးတော်တို့ နှစ်ဖက်ဆက်နေပြီး လေးကိုင်းသဏ္ဍာန် ကွေးတက်နေ၏။ မျက်လုံးတော်တို့ ဗာဒံစေ့သဏ္ဍာန်ရှိ၍ စက္ခုန္ဒြေချထား၏။ ပါးစပ်မှာ ပြည့်တင်းပေါ်လွင်၏။ ဆံတော်ကို ခရုပတ်ခွေလျက် ဖော်ထား၏။ ဥဏှိသမှာ အထက်သို့ ရှူးတက်သွားပြီးလျှင် ကြာဖူးသဏ္ဍာန် အထွတ်ကလေး အုပ်ဆောင်းလျက်ပါ၏။ နားရွက်တော်မှာ ရှည်သော်လည်း ပခုံးကို မထိချေ။ လည်ရစ် သုံးတန့်ရှိ၏။ ရင်ကျယ်၍ ခါးသိမ်၏။ ကေသီသင်္ကန်းမှာ ခေါက်ရိုးခေါက်တွန့်မရှိဘဲ ပါးလျပ်ပြီး ခန္ဓာကိုယ်နှင့် ကပ်နေသဖြင့် ကိုယ်တော်၏ အချိုးအစားပေါ်လွင်၏။ လက်ဝဲပခုံးထက်တွင် စံပယ်တင်လျက်ရှိသော ကေသီသင်္ကန်း၏ ခေါက်ရိုးခေါက်စသည် လက်ဝဲဘက်ရင်ဘတ်ပေါ်သို့ တွဲလဲကျနေ၏။ သွယ်ပျောင်းသော လက်ချောင်းတို့မှာ ပကတိအတိုင်း အတိုအရှည်ရှိလေသည်။

ခေတ်နှောင်းပိုင်း ဆင်းတုများမှာမူကား ကိုယ်တော် တုတ်ခိုင်လာခြင်း နားရွက်များ ပခုံးကိုထိလာခြင်း၊ လက်ချောင်းများ တညီတည်းဖြစ်လာခြင်း စသည်ဖြင့် ပုံသဏ္ဍာန်ပြောင်းလဲခဲ့လေသည်။

ဆင်းတုရုပ်ပွားအပြင် ဗုဒ္ဓဘုရားနှင့်ပတ်သက်၍ အာရုံပြုစရာ အခြားဝတ္ထုပစ္စည်းများ ရှိပေသေး၏။ ယင်းတို့တွင် ရုပ်ကြွအုတ်ချပ်များ ပါလေသည်။ ထိုအုတ်ချပ်များသည် လက်ရာလည်း လှပသေသပ်သည်။ ဘုရားဖူးအား ဘာသာရေးသင်ခန်းစာလည်း ပေးသည်။ ဥပမာအားဖြင့် အင်ဒိုနီးရှားမှ ဗောရောဗုဓောဘုရားကြီးရှိ ကျောက်ဆစ်ရုပ်ကြွများနှင့် သဘောအတူတူပင်တည်း။ ကနဦးက အုတ်ချပ်များမှာ ရွှံ့မီးဖုတ်သက်သက် ဖြစ်ကြပြီး နောက်ပိုင်းကျသော အုတ်ချပ်များမှာ စဉ့်စိမ်းသုတ်၍ ဗိန္ဒုပြောက်ကလေးများဖြင့် အနားသတ်လေသည်။ ထိုအုတ်ချပ်တို့သည် ဗုဒ္ဓဝင်နှင့် ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်ကို သရုပ်ဖော်လေသည်။ ဇာတ်တစ်ဇာတ်လျှင် အုတ်ချပ်တစ်ခုကျဖြင့် ယေဘုယျစီမံလေသည်။ ဇာတ်တွင် အရေးကြီးသော ကြောင်းခြင်းရာများကို ပေါင်းစပ်၍လည်း ထည့်သွင်းတတ်လေသည်။ ကနဦးက အုတ်ချပ်များတွင် မုဒုလက္ခဏဇာတ် ၆၆၊ ဆဒ္ဒန္တဇာတ် ၅၁၄ စသည်ဖြင့် ဇာတ်အမည်ကို ပါဠိဘာသာဖြင့် ကမ္ပည်းထိုး၍ ဇာတ်အမှတ်စဉ်ဂဏန်းကို ထည့်ပေးလေသည်။ နောက်ပိုင်းကျသော အုတ်ချပ်များမှာမူ ဇာတ်အမည်နောက်တွင် အဖြစ်တော်ကို အကျဉ်းချုံး၍ ကမ္ပည်းမင်စာရေးလေသည်။ ကနဦးက အုတ်ချပ်များကို ဖက်လိပ်ဘုရားများတွင် တွေ့နိုင်ပေ၏။ စဉ့်စိမ်းသုတ် အုတ်ချပ်အများအပြားကို အာနန္ဒာလိုဏ်ဂူ၌ တွေ့နိုင်ပေ၏။

ဘုရားကို အာရုံပြု နှလုံးသွင်းနိုင်ရန်အတွက် လိုဏ်ဂူအမိုးနှင့် နံရံများတွင် ပန်းချီဆေးရေး တတ်ကြလေသေးသည်။ ဆေးရေးပုံစနစ်မှာ နံရံတို့ကို အင်္ဂတေအကြမ်းခံပြီးမှ အချောတစ်ထပ်နှစ်ထပ် စသည်ဖြင့် မံလေသည်။ ထိုအထက်တွင် ထုံးသုတ်၍ ပန်းချီရေးခြယ်လေသည်။ ထို့ပြင် ရုပ်ပုံများကို ကောက်ကြောင်း အလျင်ရေး၍ အထူးသဖြင့် အဝါ၊ လိမ္မော်၊ အနက်၊ အညိုစသည်ဖြင့် အရောင်သွင်းလေသည်။ အနားသတ် မျဉ်းကို အနက်ရောင်ဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံ အနီရောင်ဖြင့်လည်းကောင်း ရေးသည်။ တစ်ဖန် အမိုး



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာကြက်မှသည် နံရံအောက်ဆုံးအခြေထိအောင် ကနုတ်ချက်များဖြင့် တန်ဆာဆင်တတ်သေး၏။ ကနုတ်ပန်းခြူးပန်းများနှင့်အတူ ရုပ်ပွားငယ်များဖြစ်စေ၊ နတ်ရုပ်များဖြစ်စေ အတန်းလိုက် ရှိသည်။ နံရံနဖူးစည်းတွင် ဘီလူး ပန်းဆွဲတန်းများ၊ ယုန်ရုပ်ကျေးရုပ်ပါသော ပန်းခက်ပန်းနွယ်များ ရှိသည်။ ထို့အောက်တွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားများရှိနေသည်။ လိုဏ်ဂူနံရံရှိ အမိကနေရာတစ်လျှောက်တွင်မူ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်ကို စတုရန်း အကွက်ငယ်ငယ်တွင် ရေးဆွဲလေသည်။ ဗုဒ္ဓဝင်ကားများကို ရုပ်ပုံကြီးကြီးနှင့် အနုစိတ်ဆွဲသည်။ ဤတွင် နံရံဆေးရေးပန်းချီတို့သည် ဘာသာရေးသဘောသာမက ပုဂံခေတ် မင်းမိဖုရားများ ဆင်ယင်ထုံးဖွဲ့ပုံ၊ နန်းတော် အိမ်တော်ပုံမှစ၍ ဓလေ့ထုံးစံတို့ကိုပါ ဖော်သည်ဖြစ်၍ မြန်မာ့သမိုင်းတွင် များစွာတန်ဖိုးရှိလေသည်။ ထိုပန်းချီများကို ဝက်ကြီးအင်း ဂူပြောက်ကြီး၊ မြင်းကပါ ဂူပြောက်ကြီး၊ သကျမုနိ၊ ကုန်းတော်ကြီး၊ နဂါးရုံ၊ နန္ဒာမညာ စသော ဂူဘုရားများတွင် တွေ့နိုင်လေသည်။ မဟာယာန အငွေ့အသက်မကင်းသော ပန်းချီများကိုကား အထူး သဖြင့် အပယ်ရတနာနှင့် ဘုရားသုံးဆူ ဂူဘုရားများတွင် တွေ့နိုင်လေသည်။

ပုဂံပြည်ကြီး တိမ်ကောလာချိန် ၁၃၄၃ ခုနှစ်တွင် ပင်းယဆင်ဖြူငါးစီးရှင် မယ်တော်၏ ပုဂံကျောင်း ကျောက်စာ၌ ပုဂံပြည်ကြီးကို ပါဠိဘာသာဖြင့် ချီးပခဲ့ပေ၏။ မြန်မာပြန် အကျဉ်းချုပ်ကား အောက်ပါအတိုင်းပင်။

> "ပြည်တကာတို့ထက် မြတ်သော၊ နလုံးမွေ့လျော်ဖွယ်ရှိသော အကြင်ပြည်သည် ရှိ၏။ ထိုပြည်သည် ဝတ္ထုကာမတို့နှင့် ပြည့်စုံသည်ဖြစ်၍ ပုဏ္ဏကာမ (ပုဂံ)ဟူ၍လည်း ထင်ရှားကျော်စော၏။ ထိုမှတစ်ပါး ရန်သူတို့ကို ချေမှုန်းလေ့ရှိသော ရဲရင့်စွမ်းပကားရှိသော သူတို့၏ နေရာဌာနဖြစ်ခြင်းကြောင့် အရိမဋ္ဌန (အရိမဒ္ဒန) ဟူ၍လည်း ထင်ရှားကျော်စော၏"

ယင်းမှာ ရန်သူတို့ကို ချေမှုန်းရာ အရိမဒ္ဒနပြည်ကြီးတည်း။


ထိုပြည်ကြီးကား သင်္ခါရသဘော ရွေ့လျောခဲ့လေပြီ။ ကြွင်းကျန်ရစ်သည်မှာ စေတီအို လိုဏ်ဂူဟောင်းတို့သာ ဖြစ်တော့သည်။ ထိုစေတီ ထိုလိုဏ်ဂူများကို မျက်စိတစ်ဆုံး ကြည့်လိုက်သည်ဆိုအံ့။ ကြည့်ကာစတွင် ရှုခင်းသည် မှုန်မှုန်မွှားမွှား ရှိပါလေသည်။ သို့ရာတွင် ရှုခင်းသည် တဖြည်းဖြည်း ကြည်လင်လာကာ ဘုရားဖူး၏ အာရုံတွင် ပုဂံကျက်သရေသည် ထင်ထင်လင်းလင်း ပေါ်လာလိမ့်မည် ဖြစ်ပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ညောင်ဦးမြို့တစ်ဝိုက်ရှိ စေတီပုထိုးများ




www.burmeseclassic.com

www.burmeseclassic.com




ရွှေစည်းခုံ

**ရွှေစည်းခုံ** စေတီသည် အနော်ရထာမင်း နှင့် ကျန်စစ်သားမင်းတို့၏ ကောင်းမှုတော် ဖြစ်သည်ဟူ၍ ရာဇဝင်တွင်လာ၏။

အနော်ရထာမင်းသည် သရေခေတ္တရာမှ စေတီကို ဖျက်၍ နဖူးသင်းကျစ်တော်ဓာတ်ကို ပုဂံ နေပြည်တော်သို့ ပင့်ဆောင်ခဲ့လေသည်။ နေပြည်တော် သို့ရောက်သော် နဖူးသင်းကျစ်တော်ဓာတ်ကို ဆင်ဖြူထက် တင်ပြီးလျှင် ဓာတ်တော်မွေတော် ကိန်းဝပ်တော်မူလိုသော အရပ်တွင် ဆင်ဖြူဝပ်စေသောဟု အဓိဋ္ဌာန်၍ လွှတ်၏။ ဆင်ဖြူဝပ်ရာ သဲစည်းခုံ၌ စေတီတည်၍ နဖူးသင်းကျစ်တော်ဓာတ်ကို ဌာပနာလေသည်။ တစ်ဖန် သီဟိုဠ်မှပင့်ဆောင်လာသော စွယ်တော်ပွားကိုလည်း ဌာပနာလေသည်။

ဤတွင် အနော်ရထာမင်းလက်ထက်၌ ပစ္စယာ သုံးဆင့်အထိသာ ပြီးစီးသည်ကို ကျန်စစ်သားမင်းက ဆက်လက်တည်ရ၏။ တည်ဆောက်ရာ၌ ကျောက်အုတ်တို့ကို ပုဂံအရှေ့ဘက် ခြောက်မိုင်အကွာရှိ တုရင်တောင်မှ စေတီအရောက် လူအများစီတန်း၍ လက်ဆင့်ကမ်းသယ်ယူရလေသည်။ ဤသို့ဖြင့် အနော်ရထာမင်း





www.burmeseclassic.com


www.burmeseclassic.com



သိကြားမင်း

လက်ထက် (၁၀၄၄) ခုနှစ်နှင့် ကျန်စစ်သားမင်း လက်ထက် (၁၁၁၃) ခုနှစ်အတွင်း ရွှေစည်းခုံစေတီကို တည်ဆောက်ပြီးစီးခဲ့သည်ဟုဆိုရပေမည်။

ရွှေစည်းခုံစေတီသည် မြေစိုက်စေတီ ဖြစ်လေသည်။ ပစ္စယာသုံးဆင့်ရှိ၏။ ပစ္စယာ အဆင့်ဆင့်တွင် စဥ့်စိမ်းသုတ် ရုပ်ကြွအုတ်ချပ်များရှိ၍ ငါးရာ့ငါးဆယ် ဇာတ်တော်ကို သရုပ်ဖော်ထားလေသည်။ တစ်ဖန် ပစ္စယာအဆင့်ဆင့်တွင် ထောင့်စေတီများ စိုက်ထားပြီးလျှင် နတ်လေ့ကားများ တပ်ဆင်ထားသည်။ တတိယ ပစ္စယာအထက်၌ကား ရှစ်ထောင့်ကြာဝန်း၊ ကျည်းဝန်း၊ ခေါင်းလောင်းပုံ၊ ရင်ဖွဲ့ခါးပတ်၊ သပိတ်မှောက်၊ ထို့နောက် ဖောင်းရစ်၊ ကြာမှောက်၊ ရွဲ၊ ကြာလန်၊ ထို့နောက် ပဒ္မလောဟာ ချရားသီး၊ ထီးတော်စသည်ဖြင့် တန်ဆာဆင်ထားလေသည်။



တံခါးရွက်မှ ပန်းပုလက်ရာ



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်မုခ် အဝင်လမ်း ဝဲယာရှိ ခြင်္သေ့ကြီးများရှေ့၌ ကျန်စစ်သားမင်း၏ အမိန့်တော်ပြန်တမ်းကျောက်စာတိုင်နှစ်တိုင်ကို မြင်နိုင်လေသည်။ အမိန့်တော်ပြန်တမ်းသည် မွန်ဘာသာဖြင့် ဖြစ်၏။ အကြောင်းအရာအချုပ်မှာ မြတ်စွာဘုရား လက်ထက်၌ ကျန်စစ်သားမင်းသည် ဗိသနိုးဖြစ်ခဲ့ပြီး ထိုသူမြတ်သည် နောင်အခါ အရိမဒ္ဒနပူရပြည်တွင် တရားစောင့်သောမင်းဖြစ်လာမည်ဖြစ်ကြောင်း မြတ်စွာဘုရားက ဗျာဒိတ်ပေးခဲ့သည်ဟူ၍ ဖြစ်လေသည်။

စေတီပရဝုဏ်အတွင်း အရှေ့တောင်ထောင့်၌ မိရိုးဖလာ သုံးဆယ့်ခုနှစ်မင်း နတ်ရုပ်များ ရှိလေသည်။

ကကုသန်ဘုရား

စေတီလေးမျက်နှာရှိ ကြေးဂူတိုက်များ၌ သတ္တဝါများမကြောက်ကြကုန်လင့်ဟူသော လက် အနေအထားဖြင့် ဆယ့်သုံးပေခန့်မြင့်သော မတ်ရပ် ကြေးဆင်းတုတော်လေးဆူရှိလေသည်။ အရှေ့ဘက် ကြေးဂူတိုက်၏ အရှေ့တောင်၌မူ ဟံသာဝတီ ဆင်ဖြူရှင်မင်းတရား၏ ကုသိုလ်တော် ကြေးခေါင်းလောင်းကြီး ရှိလေသည်။ တစ်ဖန် စေတီရင်ပြင်တော် အနောက်မြောက်၌ အဝ ဆင်ဖြူရှင် မင်းတရား၏ ကုသိုလ်တော် မော်ကွန်းကျောက်စာတိုင်ရှိလေသည်။



တံခါးရွက်မှ ပန်းပုလက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားဥမင်



မွန်ဂိုလေးသည်

**ကျန်စစ်သားဥမင်**သည် ညောင်ဦးမြို့ ရွှေစည်းခုံစေတီအနီး၌ တည်ရှိ၏။ ဥမင်၏ အဝင်မုခ်ဝနှစ်ခုအကြားတွင် ဓမ္မပလ္လင်တစ်ခု ရှိလေသည်။ အဆောက်အအုံမှာ နိမ့်ပြီး ရှိုးရိုးပင် ဖြစ်လေသည်။

ထိုအဆောက်အအုံတွင် ပုဂံခေတ် ရဟန်း သံဃာများ သီတင်းသုံးခဲ့သည်ဟု ယူဆရ၏။

အတွင်းလိုဏ်ပတ်ဝက်ပါသည် မှောင်၏။ သို့ရာတွင် နံရံနှင့် ပေါင်းကူးများ၌ ဗုဒ္ဓရုပ်ပွားပုံများ၊ ဗုဒ္ဓ ခြေတော်ရာများ၊ ရဟန်းပုံများ၊ ကြက်ခြေခတ်ပုံများ၊ မွန်ဂိုတာတာစစ်သည်တော်ပုံများ ဆေးရေးထားသည် ကို တွေ့ရပေလိမ့်မည်။

ထိုအဆောက်အအုံကို ကျန်စစ်သား ဥမင်ဟုခေါ်တွင်နေသော်လည်း ကျန်စစ်သားမင်းလက်ထက်ထက်စော၍ ဆောက်လုပ်ပြီးစီးခဲ့သည်ဟုယူဆကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူပြောက်ကြီး (ဝက်ကြီးအင်း)



မာရ်နတ်

**ဂူပြောက်ကြီး**သည် ဝက်ကြီးအင်းရွာအနီးတွင် တည်ရှိ၏။ မုခ်အရှေ့ဘက်လှည့်သော လိုဏ်နှစ်ဆင့်ရှိ ဂူဘုရားဖြစ်လေသည်။ ကုလားကျောင်းအထက်ရှိ ကွမ်းတောင်မှာ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ မဟာဗောဓိ ပုံသဏ္ဌာန်ဖြစ်၏။

ဂူဘုရားအာရုံခံအမိုးတွင် ခြေတော်ရာပုံများကို ပန်းခက် ပန်းနွယ်များဖြင့် တန်ဆာဆင်ထားလေသည်။ နံရံများတွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားများ၊ ဗုဒ္ဓဝင်ဖြစ်စဉ်များ၊ ငါးရာ့ငါးဆယ် ဇာတ်ကွက်များကို ရေးခြယ်ထားသည့် အပြင် ပါဠိမြန်မာ နှစ်ဘာသာ ရေးထိုးသော ကမ္ပည်း မင်စာများလည်း ရှိလေသည်။ အထူးအားဖြင့် ဆင်းတု ပလ္လင်တစ်ဝိုက်ရှိ နံရံများတွင် မာရ်နတ်စစ်သည်ပုံများ ကို အဆန်းတကြယ် ခြယ်လှယ်ထားလေသည်။

ထိုဂူဘုရားကို (၁၃)-ရာစုအတွင်း တည်ခဲ့ လေသည်။



www.burmeseclassic.com


www.burmeseclassic.com



ဆပဒ

**ဆပဒစေတီ**သည် ညောင်ဦးမြို့ ဆင်ခြေဖုံး ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်းအနီးတွင် တည်ရှိ၏။

ထိုစေတီသည် (၁၂) ရာစုအတွင်း သီဟိုဠ်ရောက် ဆပဒ မထေရ်ကို အကြောင်းပြု၍ ဆပဒစေတီ အမည်တွင်လေသည်။ ထိုအရှင်သည် ပုသိမ်နယ် ဆပဒ ရွာသားဖြစ်လေသည်။ သီဟိုဠ်တွင် ရဟန်းခံ၍ စာပေ ကျမ်းဂန်သင်ကာ ဆယ်ဝါသီတင်းသုံး၏။ ထို့နောက် သီဟိုဠ်မှ ရဟန်းလေးပါးကို ခေါ်ဆောင်ကာ ပုဂံသို့ပြန်လာ ပြီးလျှင် သထုံနွယ်သံဃာတို့မှ သီးခြား၍ သံဃကံဆောင် ၏။ သီဟိုဠ် သံဃာဂိုဏ်းထောင်၏။



ဆပဒစေတီသည် လေးထောင့်ပုံ အုတ်ခုံခံ၏။ ထို့နောက် ခေါင်းလောင်းပုံအထက်တွင် သီဟိုဠ်ပုံစံ စေတီနှင့်ဆန် ဓာတုဂဗ္ဘ သို့မဟုတ် ဟာမိကာခေါ် ဓာတ်တော်တိုက်လေးထောင့်ပုံနှင့် ထုပိကာအထွတ် တင်၍တည်ဆောက်ထားလေသည်။

www.burmeseclassic.com




## သမိးဂုက်ဥမင်နှင့် မြားသဥမင်

ညောင်ဦးမြို့၏ အရှေ့တောင်ယွန်းယွန်း ငုက်ပစ်တောင်၏ အရှေ့မြောက်ယွန်းယွန်းတွင် သမီးဂုက်ဥမင်နှင့် မြားသဥမင် တည်ရှိ၏။

ထိုအမည်များကို ပျူစောထီးမင်း၏ အတ္ထုပ္ပတ္တိကိုမှီ၍ နောင်းလူများက မှည့်ခေါ်ထားဟန် တူလေသည်။ တစ်ရံခါက ပုဂံတွင် ထီးလိုင်ကာ ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံကြီး၊ ဘူးပင်တို့သည် လူတို့ကို အနှောင့်အယှက် ပေးလျက်ရှိသည်။ အထူးသဖြင့် ငှက်ကြီးရန်သည် ကြီးလှ၏။ လူတို့သည်လည်း ငှက်စာအဖြစ် တစ်ပတ်လျှင် သမီးကညာခုနစ်ဦး ဆက်ရ၏။ ထိုငှက်ကြီးရန်ကို ပျူစောထီးမင်းသားပင် လေး (မြား) ဖြင့် ခွင်းသတ်ခဲ့လေသည် ဟူ၏။

ပျူစောထီးမင်းနှင့် ဆက်စပ်နေသော ဒေသတစ်ဝိုက်ရှိ သဲကျောက်နံရံများကို ဥမင်ဖောက်၍ အခန်းဖွဲ့ကာ ရဟန်းများတရားအားထုတ်နိုင်စေရန် ရေးကပင် စီမံထားခဲ့လေသည်။ သမီးဂုက်ဥမင်ဟု ယခုခေါ်ဝေါ်နေသော ဥမင်အတွင်း ၁၅ ရာစုခေတ် ကျောက်စာတစ်ခုရှိလေသည်။ ထိုကျောက်စာအရ ထိုဥမင်သည် ထိုခေတ်အခါက ဝံပဲကျဥမင် (ဝမ်းဘဲကျဥမင်)ဟု ခေါ်တွင်ခဲ့ကြောင်း သိရလေသည်။

ထိုဥမင်များကို ၁၃ ရာစုကပင် တည်ဆောက်ခဲ့ကြောင်း ဆိုကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com




## ကျောက်ဂူဥမင်

**ကျောက်ဂူဥမင်**သည် ညောင်ဦးမြို့ အရှေ့ဘက် နှစ်မိုင်အကွာတွင် တည်ရှိလေသည်။

သဲကျောက်ကမ်းပါးယံကိုထွင်း၍ ဖောက်ထားသည့်ဥမင်ဖြစ်သည်။ အုတ်နှင့်ကျောက် ရောစပ်တည်ထားသည့် အဆောက်အအုံတွင် အဆင့်သုံးဆင့်ရှိသည်။

ထိုအဆောက်အအုံသည် မြေနိမ့်ချောက်ဘက် မျက်နှာမူ၍ မြောက်ဘက်သို့ အာရုံခံ ထုတ်ထားလေသည်။ အတွင်း၌ကား နောက်သို့လိုဏ်ခေါင်း ဖောက်ထားသည်။ ဥမင်အတွင်း၌ ရဟန်းသံဃာများ တရားကျင့်ရန် အခန်းငယ်များရှိ၏။





www.burmeseclassic.com

www.burmeseclassic.com



တံခါးမုခ်ကျောက်ဆစ်လက်ရာ

အောက်ထပ် ခန်းမဆောင်ကြီးသည် အနည်းငယ်မှောင်၏။ လေးဆယ့်နှစ်ပေ ကျယ်၍ နောက်ဘက်တွင် နှစ်ဆယ့်ငါးပေ ရှိ၏။ ထိုခန်းမဆောင်အတွင်း အလျားဆယ့်ရှစ်ပေ၊ အနံ ဆယ့်နှစ်ပေ၊ အမြင့် ကိုးပေ ရှိသော ကြာပလ္လင်ထက်၌ အဝင်မုခ်ဝကို မျက်နှာမူလျက် ဘူမိဖဿမုဒြာ လက်အနေအထားဖြင့် တင်ပျဉ်ခွေထိုင်နေသော ဆင်းတုတော်ကြီး တစ်ဆူရှိလေသည်။ ဆင်းတုတော်ကြီးရှေ့တွင် သုံးဆယ့်နှစ်ပေ မြင့်သော လေးထောင့်ကျောက်တိုင်ကြီး နှစ်တိုင်သည်အမိုးပေါင်းကူးဒေါက်အဖြစ် တည်ရှိသည်။ ယင်းတို့၏ အောက်ခြေပတ်လည်တွင် ကျောက်ပန်းများ ရှိလေသည်။


ဆင်းတုတော်ကြီး ဝဲဘက်တစ်ဖက်တစ်ချက်ရှိ နံရံများပေါ်တွင် ဆေးရေးပန်းချီများ ရှိ၍ထိုအထက်အမိုးတွင်ဗုဒ္ဓရုပ်ပွားကျောက်ဆစ်ရုပ်များ ရှိလေသည်။

ခန်းမဆောင်အတွင်း အရှေ့ဘက်၊ အနောက်ဘက်၊ မြောက်ဘက် နံရံမုခ်ကပ် ချိုင့်များတွင် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပြုစဉ် ဘုရားလောင်းဇမ္ဗုသပြေပင်ရိပ်တွင် စံနေတော်မူခန်း ကျောက်ဆစ်ရုပ်တု၊ ဘုရားလောင်းဆံတော်ပယ်ခန်း ကျောက်ဆစ်ရုပ်တု၊ ဘုရားလောင်း ဒုက္ကရစရိယာကျင့်စဉ် နတ်တို့က ဘုရားလောင်းအား နားရွက်မှ ဩဇာသွင်းခန်း ကျောက်ဆစ်ရုပ်တုစသော ဗုဒ္ဓဝင်ရုပ်တုများ ရှိလေသည်။ လုမ္ဗနီဉယျာဉ်၌ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားကို မယ်တော်မာယာ ဖွားတော်မူခန်း ကျောက်ဆစ်ရုပ်တုမှာကား ယခုအခါ ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်တွင် ပြသထားလေသည်။

တစ်ဖန် ကျောက်ဂူဉမင် အဝင်ဝမုခ်၏ ဝဲယာခိုနန်းချိုးများတွင် ဘီလူးရုပ်၊ မိန်းမငယ်ရုပ်၊ ကိန္နရာရုပ် ကျောက်ဆစ်လက်ရာများ၊ ပုလဲပန်း၊ ဘီလူးပန်းဆွဲ ကျောက်ဆစ်လက်ရာများဖြင့် တန်ဆာဆင်ထားလေသည်။

အောက်ထပ်ခန်းမဆောင်ကြီးကို တည်ဆောက်သည့်ကာလသည် ၁၁ ရာစုခန့် ဖြစ်လေ သည်။ အပေါ်ဆင့်များကိုမူ နရပတိစည်သူမင်း (၁၁၇၄-၁၂၁၁) လက်ထက်တွင် တည်ဆောက်ခဲ့ကြောင်း ကျောက်ဂူဉမင်အတွင်းရှိ ကျောက်စာအရသိရလေသည်။

ဥမင်





www.burmeseclassic.com

www.burmeseclassic.com



## ကုန်းတော်ကြီး

**ကုန်းတော်ကြီး**ဂူဘုရားသည် သကျမုနိဂူဘုရား အနီး ကုန်းမြင့်ထက်၌ တည်ရှိလေသည်။ (၁၃) ရာစု အတွင်း တည်ဆောက်ခဲ့သော အဆောက်အအုံ ဖြစ်လေသည်။

ထိုဂူဘုရားသည် ကုလားကျောင်းခံ၍ ပစ္စယာ များအထက်တွင် စေတီပေါက်ထား၏။ အတွင်း နံရံ များတွင် ဗုဒ္ဓဝင်နှင့် ငါးရာ့ငါးဆယ်ဇာတ်ကွက် ဆေးရေး ပုံများ၊ မြင်းမိုရ်တောင်နှင့် တောင်စဉ်ခုနစ်ထပ် သီဒါ ခုနစ်တန် ဆေးရေးပုံများကို ကမ္ပည်းစာများနှင့်တကွ တွေ့နိုင်လေသည်။ ဂူအပြင်၌လည်း လုပသော အင်္ဂတေပန်း အချို့ကို တွေ့နိုင်လေသည်။

ဇောဓိသတ္တရုပ်





www.burmeseclassic.com

www.burmeseclassic.com



## သကျမုနိ

**သကျမုနိ**ဂူဘုရားသည် ညောင်ဦးမြို့ ချောက်ဖလာဘက်၌ တည်ရှိ၏။


တည်သော ကာလမှာ (၁၃) ရာစုအတွင်း ဖြစ်ဟန် တူလေသည်။

ပုံစံပန္နက်ကား လေးထောင့်စပ်စပ် ဖြစ်လေသည်။ မုခ်ဝလေးမျက်နှာရှိ၍ အနောက်ဘက် အာရုံခံ မုခ်လှည့် အဆောက်အအုံတည်း။ ကုလားကျောင်း အထက်တွင် ပစ္စယာသုံးဆင့်ရှိ၍ ပစ္စယာအထက်၌ ကွမ်းတောင်နှင့် စေတီအထွတ် တင်ထားလေသည်။

တံခါးမုခ်အဝင်ရှိ စုလစ်ပန်းများ၊ တိုင်ဖုံးပန်း များ၊ ပုလဲကုံးများ၊ ဘီလူးပန်းဆွဲတန်းများသည် လက်ရာ အလွန်မြောက်၏။

အတွင်းနံရံများ၌မူ ဗုဒ္ဓဝင်နှင့် ငါးရာ့ငါးဆယ် ဇာတ်ကွက်၊ သီဟိုဠ်သို့ အသောကမင်းကြီး သာသနာပြု စေလွှတ်ခန်း ဇာတ်ကွက် ဆေးရေးပန်းချီများ၊ နှစ်ကျိပ် ရှစ်ဆူဘုရား ဆေးရေးပန်းချီများနှင့် ကမ္ပည်းစာများ ရှိလေသည်။

ဆေးရေး ပန်းကွက်ပန်းနွယ်များ






www.burmeseclassic.com

www.burmeseclassic.com


# ပုဂံမြို့တစ်ဝိုက်ရှိရှေးဟောင်းအဆောက်အအုံများ






www.burmeseclassic.com

www.burmeseclassic.com



## ထီးလိုမင်းလို

**ထီးလိုမင်းလို** ဂူဘုရားသည် ပုဂံ-ညောင်ဦးကားလမ်းဘေးတွင် တည်ရှိလေသည်။ ကောင်းမှုရှင်မှာ ထီးလိုမင်းလိုခေါ် နားတောင်းများမင်း (၁၂၁၁-၁၂၃၄?) ဖြစ်၏။

အစဉ်အလာဆိုကြသည်မှာ ဖခမည်းတော် နရပတိစည်သူမင်းသည် နတ်ရွာစံခါနီး အချိန်တွင် သားတော်များအနက် တစ်ဦးကို နန်းရစေချင် လေသည်။ သို့ရာတွင် အများကျေနပ်အောင်ဟု သားအားလုံး အလယ်တွင် ထီးဖြူစိုက်ကာ မင်းဖြစ်ထိုက် သူသို့ ထီးဖြူညွတ်စေသတည်းဟု အဓိဋ္ဌာန်သော် သူလိုလားသည့် နားတောင်းများမင်း (သား)ဘက်သို့ ထီးဖြူ ညွတ်လေ သည်။ ထိုသို့ ထီးကလည်းလို၊ မင်းကလည်း လို၍ ထီးလိုမင်းလိုမင်းဟူ၍ ခေါ်တွင်လေသည်။ တစ်ဖန် ထီးဖြူညွတ်ရာဌ ဘုရားတည်ထားရာ ထီးလိုမင်းလို ဘုရားဟု ခေါ်တွင်လေသည်။ နားတောင်းများ ဟူသော အမည်ကား ကျောက်စာလာ အမည်တည်း။

ထိုဘုရားသည် အရံတံတိုင်းအတွင်း တည်ရှိ၍ အောက်ခြေမှ ကွမ်းတောင်ထိပ်အထိ ဉာဏ်တော်ပေ (၁၅၀) ရှိ၏။ ဘေးတစ်ဖက် တစ်ချက်သည် ပေ (၁၄၀) ကျယ်၏။ လိုဏ်နှစ်ထပ်ရှိ ဂူဘုရားအကြီးစား ဖြစ်လေသည်။ အာရုံခံခန်းမကြီးသည် အရှေ့ဘက် မျက်နှာမှ၍ အခြားသုံးဖက်တွင်လည်း ပေါင်းကူးမုခ်ခုံး အာရုံခံများ တည်ဆောက်ထားလေသည်။

ဂူဘုရားအပြင် နံရံများ၊ မုခ်စုလစ်များတွင် အင်္ဂတေလုပ် တိုင်ထောင့်ပန်းများ၊ တိုင်ဖုံးပန်းများ၊ ရာမလက်ညှိုးများ၊ ဘီလူးပန်းဆွဲများ၊ ပုလဲကုံးများကို မြင်ရမည်။ ပစ္စယာအဆင့်ဆင့်နှင့် စိန်တန်းများကို ကြည့်သော် စဉ့်စိမ်းသုတ် ပန်းကွက်များကို မြင်ရမည်။

ဂူအတွင်း ဝင်လိုက်သည် ဆိုအံ့။ တင်ပျဉ်ခွေ ဆင်းတုလေးဆူကို လင်းလင်းကျင်းကျင်း ဖူးနိုင်မည်။ ထို့ပြင် ပုဂံသားအချို့က သူတို့၏ မွေးသက္ကရာဇ်များ မပျောက်ပျက်စေရန် နံရံတွင် မင်စာဖြင့် မှတ်တမ်း တင်ထားသည်ကို တွေ့နိုင်သေးသည်။ ခန်းမကြီး (ဂန္ဓကုဋိ)နံရံတစ်ဖက်တစ်ချက်ရှိ လှေကားဖြင့် အပေါ်တက်လိုက်သော် ဆင်းတုလေးဆူကို မြင်ရပြန် ဦးမည်။ ထိုအထပ်မှတစ်ဆင့် ကွမ်းတောင်အခြေအထိ တက်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပါလိသိမ်

**ဥပါလိသိမ်**သည် ပုဂံ-ညောင်ဦး ကားလမ်းဘေးရှိ ထီးလိုမင်းလို ဂူဘုရားအနီး၌ တည်ရှိ လေသည်။

၎င်းတွင် ထီးလိုမင်းလို (နားတောင်းများ) မင်းနှင့် ကျစွာမင်းတို့လက်ထက် ပုဂံ၌ သီတင်းသုံးခဲ့သော ဥပါလိမထေရ်က သိမ်သမုတ်ခဲ့လေ၍ ထိုအမည်တွင် နေကြောင်း ဆိုကြသည်။



တောထွက်ခန်း။ (၁၈) ရာစု ပန်းချီ

ထိုသိမ်သည် လေးထောင့်စပ်စပ် ပုံသဏ္ဍာန် ရှိ၏။ အမိုးတွင် စိန်တန်းနှစ်ဆင့် သွယ်တန်းနေလျက် ထိုအလယ်တွင် စေတီငယ်တစ်ဆူဖြင့် တန်ဆာဆင်ထားလေသည်။ ထိုအဆောက်အုံကို နှောင်းခေတ်များတွင် ပြုပြင်မွမ်းမံခဲ့လေသည်။

သိမ်အတွင်း အနောက်ဘက်နံရံ၌ တင်ပျဉ်ခွေ ရုပ်ပွားဆင်းတုတစ်ဆူ ရှိ၏။ နံရံလေးဖက်နှင့် အမိုးမျက်နှာကြက်ပေါ်၌မူ အစိမ်း၊ အနီ၊ အဖြူ ဆေးရောင်ခြယ်လှယ်ထားသော ပန်းချီကားကွက်များကို တွေ့မြင်နိုင်လေသည်။ သာဓကမှာ ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားယာဉ်၊ ပြာသဒ်ယာဉ်နှင့်တကွ ရေးကမ္ဘာစဉ်ဆက်မှ ဘုရားလောင်းတို့ တောထွက်ခန်းများ၊ ဗောဓိပင်အသီးသီးအောက်ရှိ နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ကနုတ်ပန်းများ၊ မှုံမတ်အစုံအညီဖြင့် အနော်ရထာမင်းသိမ်သမုတ်ပုံ အခမ်းအနားများ ဖြစ်ကြသည်။ ဆင်ယင်ထုံးဖွဲ့ပုံကြည့်ခြင်းအားဖြင့် ၁၈ ရာစု ဆေးရေး ပန်းချီများဖြစ်ကြောင်း သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၈၄၉) ခုနှစ်တွင် မင်းဆက် (၃၉) ဆက်မြောက် ဖြစ်သော ပျဉ်ပြားမင်းသည် ကျုံး၊ မြို့ရိုး အပြည့်အစုံဖြင့် ပုဂံမြို့ကို စတုတ္ထအကြိမ် တည်ခဲ့သည်ဟူ၍ ရှေးစာ ဟောင်းများတွင် လာ၏။

သို့ရာတွင် ဧရာဝတီမြစ်၏ တိုက်စားမှုကြောင့် အနောက်မျက်နှာမြို့ရိုး၊ မြောက်မျက်နှာမြို့ရိုး၏ အနောက်ဘက်ပိုင်း တစ်စိတ်တစ်ပိုင်းမရှိလေတော့ပြီ။ နဂိုက ပုဂံမြို့ရိုးတွင် တံခါးပေါက် တစ်ဆယ့် နှစ်ခုရှိခဲ့ သည်ဆိုရာ ယခုအခါ အရှေ့ဘက် တံခါးပေါက် တစ်ခုသာ ထင်ထင်ရှားရှား ကျန်ရှိနေလေသည်။

ထိုတံခါးပေါက်သည် သရပါဟု အမည်တွင်၏။ သရပါကာရဟူသော ပါဠိစကားမှ ဆင်းသက်လာ၍ မြှားကိုဆီးကာသော တံခါးဟု အနက်ရှိကြောင်း ဆိုကြ သည်။ ထိုတံခါးသည် ဟောင်းမြင်း ယိုယွင်းနေ သော်လည်း အပြင်နံရံအထက်ပိုင်း ပတ်လည်တွင် ဘီလူးပန်းဆွဲနှင့် ပုလဲကုံး အင်္ဂတေလက်ရာများကို မြင်နိုင်ပေသေး၏။

တံခါးတစ်ဖက်တစ်ချက်တွင်ကား မဟာဂီရိ (တောင်ကြီးရှင်) နတ်မောင်နှမ နတ်ကွန်း ရှိလေသည်။ လက်ဝဲဘက်တွင် မောင်တော်နတ်ရုပ်ရှိ၍ လက်ယာ ဘက်တွင် နှမတော်နတ်ရုပ် ရှိလေသည်။

သေဉ်လည်ကြောင် စသော ရှေးပုဂံမင်း များသည် အမတ်ဗိုလ်ပါနှင့်အတူ နှစ်စဉ်နတ်တော် လတွင် ပူပွားတောင်၌ နတ်မောင်နှမ နတ်ကွန်း ဆောက်လုပ် ပူဇော်လေ့ရှိသည်ဟု ဆိုကြလေသည်။ တစ်ဖန် သရပါတံခါးကို ကာကွယ် စောင့်ရှောက်သူ တို့မှာ မဟာဂီရိ နတ်မောင်နှမပင် ဖြစ်သည်ဟုလည်းဆိုကြ လေသည်။





www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒာ

**အာနန္ဒာ**လိုဏ်ဂူဘုရားသည် ကျန်စစ်သားမင်း (၁၀၈၄-၁၁၁၃)၏ ကောင်းမှုတော် ဖြစ်လေသည်။ နန္ဒမူလလိုဏ်ဂူ၌ သီတင်းသုံးရာမှ ပုဂံနေပြည်တော်သို့ ကြွရောက်လာခဲ့သော ရဟန္တာအရှင်မြတ်များကို အကြောင်းပြု၍ (၁၀၉၀) ပြည့်နှစ်တွင် ထိုလိုဏ်ဂူ ပုံသဏ္ဌာန်အတိုင်း အာနန္ဒာလိုဏ်ဂူ တည်ဆောက်စေခဲ့ကြောင်း ရာဇဝင်ကျမ်းများတွင်ဆိုလေသည်။

နန္ဒမူလပုဒ်မှ အာနန္ဒာသို့ စကားရွေ့လျောလာသကဲ့သို့ ရှိ၏။ ဤတွင် အနန္တပညာပုဒ်မှ အာနန္ဒာသို့ စကားရွေ့လျောလာသည်ဟူသော အယူအဆလည်း ရှိလေသည်။

ဝေဿန္တရာဇာတ်၊ စဉ့်ကွင်း




လိုဏ်ဂူ၏ အခြေခံပန္နက်သည် ကြက်ခြေခတ် သဏ္ဌာန်ဖြစ်၏။ ကုလားကျောင်း (တိုက်မ) သည် တစ်ဖက်တစ်ချက်တွင် (၁၇၅) ပေ ကျယ်၍လေးထောင့်



www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓတ္ထမင်းသား တောထွက်ခန်း

စပ်စပ်ပုံ ရှိ၏။ တစ်ဖန် အာရုံခံမုခ်များ လေးဖက် လေးတန် ထုတ်ထား၍ အာရုံခံတစ်ဖက်စွန်းမှ အခြား အာရုံခံတစ်ဖက်စွန်းအထိ ပေ (၂၉၀) ခန့် ရှည်လေ သည်။ တိုက်မန်ရံတွင်လည်း မုခ်ပြတင်း နှစ်ဆင့် တပ်ထားသည်ဖြစ်ရာ အတွင်း၌ အလင်းရောင် ကောင်းစွာ ရနိုင်လေသည်။

လိုဏ်ဂူ အောက်ခြေအုတ်ခုံ မှန်ကူကွက် များတွင် မာရ်စစ်သည်တော်များနှင့် သမ္မာဒေဝနတ်များ၊ သရုပ်ဖော် ရုပ်ကြွစဥ့်ကွင်း များကို လည်းကောင်း၊ အထက်ပစ္စယာနံရံများတွင်ငါးရာ့ ငါးဆယ်ဇာတ်တော် နှင့်ဇာတ်ကြီးဆယ်ဖွဲ့ သရုပ်ဖော် စဥ့်ကွင်းများကို လည်းကောင်း မွန်စာတန်းများနှင့် တကွတွေ့နိုင်လေ သည်။

ကုလားကျောင်း အထက်တွင်မူ မိုးလျှော၊ ထို့ အထက် ပထမပစ္စယာ၊ ထို့နောက် ဒုတိယမိုးလျှော နှင့် ဒုတိယပစ္စယာတို့ကို ဆင့်ကဲ ဆင့်ကဲ တည်ထား ၏။ ထိုအထက်မှ ပစ္စယာ သုံးဆင့်နှင့် ကွမ်းတောင် တက်ပြီးလျှင် စေတီငယ်နှင့် ထီးကို စိုက်ထူထား လေသည်။ အောက်ခြေအုတ်ခုံမှ ထီးငုက်မြတ်နား အထိ လိုဏ်ဂူဉာဏ်တော် ၁၇၂ ပေ မြင့်၏။

ဘုရားဖူးသည် လိုဏ်ဂူအတွင်း ဝင်မည်ဆိုပါစို့။ မုခ်ဝ တစ်ဖက်တစ်ချက်တွင် ဒူးပေါ်လက်တင်၍ ထိုင်နေဟန် ဒွါရပါလ အစောင့်နတ်ရုပ်များကို မြင်တွေ့ ရလိမ့်မည်။ ထို့အထက်၌ စုလစ်ချွန်းနှစ်ဖက်တွင်မူ မကန်းရုပ်၊ ထို့ပြင် ခြင်္သေ့အဆော်၊ ရာမလက်ညှိုး အချွန်အတက်စသော အင်္ဂတေလက်ရာများဖြင့် တန်ဆာဆင်ထားလေသည်။

အာရုံခံအတွင်းသို့ ဘုရားဖူးသည် ဝင်လာ ခဲ့သော် ခပ်မှောင်မှောင် ရှိသည့်အဖြစ်ကို သတိမူမိ ရာသည်။ ဤတွင် ဝဲယာ၌ သုံးဆစ်ချိုး မတ်တတ် ရပ်နေသော ဒွါရပါလ နတ်ရုပ်များသည် လက် တစ်ဖက်က မစိုးရိမ်ရန် ပြသနေသကဲ့သို့လည်းကောင်း၊ အခြား လက်တစ်ဖက်က ဂန္ဓကုဋိတိုက် အတွင်းရှိ မတ်ရပ်ရုပ်ပွားတော်ကြီးကို



မယ်တော်မာယာ သားဖွားခန်း



www.burmeseclassic.com

www.burmeseclassic.com



ကကုသန်ဘုရား

ဤနေရာမှ ကြည်ညို နိုင်ရန်ပြသနေသကဲ့သို့လည်း ကောင်း ဟန်အမူအရာ ရှိလေသည်။ ဘုရားဖူးသည် စင်္ကြံပတ်လမ်းနှစ်ဆင့်ကို ကျော်ဖြတ်၍ ဂန္ဓကုဋိတိုက်ကို ချဉ်းလိုက်သည့်ဆိုအံ့၊ အတွင်း၌ ပေသုံးဆယ်ခန့်အမြင့်ရှိ မတ်ရပ်ရုပ်ပွား တော်ကြီး၏ မျက်နှာတော်တည့်တည့် ဆီသို့အပြင် မိုးလျှောမှ အလင်းရောင်တန်းဝင်လာ သဖြင့် ဝင်းလက်နေပုံကို ကြည်ညိုဖွယ်ရာ ဖူးမြော်ရပေလိမ့်မည်။

အမှန်စင်စစ် ဂန္ဓကုဋိတိုက်ကြီးတွင်အလယ် မဏ္ဍိုင်သည် ရှိ၏။ မဏ္ဍိုင်လေးဖက်တွင် မုခ်ဝဘက် မျက်နှာမူရပ်နေသော မတ်ရပ်ရုပ်ပွားတော်ကြီးများ ရှိလေသည်။ ဘဒ္ဒကမ္ဘာတွင် ပွင့်ခဲ့ပြီးသည့် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရားလေးဆူကို ရည်မှန်းထုလုပ်ထားခြင်းပေတည်း။ မြောက်ဘက်နှင့် တောင်ဘက်များရှိ မတ်ရပ်ရုပ်ပွားတော်ကြီး နှစ်ဆူမှာ လက်နှစ်ဖက်ကို ရင်တွင်ကပ်၍ စက်လှည့်ဟန်(ဝါ) ဓမ္မစကြာ တရားဟောဟန် လက်အနေအထားဖြင့် ရှိကြသည်။ ထိုရုပ်ပွားနှစ်ဆူသည် နောင်းခေတ်များတွင် အပြုအပြင်ရှိခဲ့သော်လည်း နဂိုပုံစံနှင့် မကွာဟု ဆိုကြ လေသည်။ အရှေ့ဘက်နှင့် အနောက်ဘက် မျက်နှာ များရှိ ရုပ်ပွားတော်ကြီးများမှာမူနဂို ပုံစံအစား နောက်ထပ်ထုလုပ်ထားသော ရုပ်ပုံများသာ ဖြစ်သည်။ ရှေးခေတ်နှင့် နောင်းခေတ် ပုံပန်းသဏ္ဌာန်ချင်း ကွာခြား သည်ကို လေ့လာနိုင်ပေသည်။

တစ်ဖန် အနောက်ဘက်မျက်နှာရှိ ရုပ်ပွားတော် ကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် ပုဆစ်ဒူးတုပ် ကန်တော့ဟန် မူနေသော ရုပ်တုနှစ်ခုကို တွေ့ရပြန် ဦးမည်။ ယာဘက်ကရုပ်တုသည် ကျန်စစ်သားမင်း ဖြစ်၍ ဝဲဘက်ကရုပ်တုသည် မင်းဆရာ ရှင်အရဟံ ဖြစ်သည်ဟု ဆိုကြလေသည်။ အနောက်ဘက်မျက်နှာ အာရုံခံမုခ်အတွင်း၌မူ (၁၀၈) ကွက် စက်လက္ခဏာ ပါရှိသော ဘုရားသခင်၏ ခြေတော်ရာပုံကို လေ့လာ နိုင်ပေသည်။

ထိုပုံတော် ထိုရုပ်ပွားတော်များအပြင် လိုဏ်ဂူ တော်ကြီး နံရံမုခ်ကပ်များတွင် လေ့လာစရာ ကြည်ညို စရာ ရုပ်တုအမျိုးမျိုး ရှိပေသေး၏။ အထူးသဖြင့် အပြင် စင်္ကြံပတ်လမ်းရှိ ဗုဒ္ဓဝင်ရုပ်ကြွကျောက်ဆစ်လက်ရာ များသည် စိတ်ဝင်စားစရာ ဖြစ်လေသည်။ တုသိတာ နတ်ပြည်ရှိ အလောင်းတော် သေတကေတုနတ်သား အား ဘုရားဖြစ်ဖို့ စုတေရန် နတ်တို့ တောင်းပန်သည့် အခန်းမှစ၍ ဘုရားဖြစ်တော်မူသည့် အခန်းအထိ ရုပ်ကြွ ပေါင်းရှစ်ဆယ်သည် ပုဂံခေတ် လက်ရာအတိုင်းတည်ရှိ လေသည်။



www.burmeseclassic.com

www.burmeseclassic.com




ပိဋကတ်တိုက်

ပိဋကတ်တိုက်သည် သရပါတံခါးအနီးတွင် ရှိ၏။

၁၀၅၇ ခုနှစ်တွင် အနော်ရထာမင်း (၁၀၄၄-၁၀၇၇)သည် သုဝဏ္ဏဘုမ္မိ သထုံပြည်မှ ပိဋကတ်အစုံသုံးဆယ်ကို ဆင်ဖြူသုံးကျိပ်နှစ်စီးဖြင့် ပုဂံပြည် သို့ ပင့်ဆောင်ခဲ့ပြီးနောက် ပိဋကတ်တိုက်တွင် ထားရှိစေခဲ့သည်ဟု အစဉ်အလာ ဆိုကြလေသည်။

ပိဋကတ်တိုက်သည် စတုရန်းပုံ ဖြစ်လေသည်။ တစ်ဖက်လျှင် ၅၁ ပေ ကျယ်သည်။ အရှေ့ဘက်မျက်နှာတွင် မုခ်သုံးခုရှိ၍ ကျန်သုံးဖက်တွင် ပြတင်းပေါက် သုံးပေါက်စီရှိ၏။ ထောင့်နံရံများရှိ ပြတင်းပေါက်များတွင် ခြသေ့်လည်ပြန်ပုံ ဖော်ထားလေသည်။



ဇာပေါက်ကျောက်ပြတင်း

ပိဋကတ်တိုက် အပေါ်ပိုင်းတွင်ကား အမိုးခုံးလျှောနှင့် ဘုံငါးဆင့်ရှိ၍ ထုပိကာ တက်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြင်္သေ့ရုပ်ဇာပေါက်ပြတင်း

အမိုးစွန်းချင်မြိတ်တိုးများတွင် ထောင့်တုရင်ပန်းများဖြင့် တန်ဆာဆင်ထား၏။

တိုက်အတွင်းသို့ ဝင်သွားသော် အခန်းဖွဲ့ထားသည်ကိုလည်းကောင်း၊လိုဏ်ပတ်လမ်းကိုလည်းကောင်း တွေ့ရလိမ့်မည်။

ထိုအဆောက်အအုံ၌ ပုဂံခေတ်လက်ရာဟူ၍ ဇာပေါက်ပြတင်း၊ အမိုးခုံးလျှော၊ အတွင်းခန်းပေါင်းကူး တို့သာ ကျန်ရှိလေတော့သည်။ ဘုံငါးဆင့်အထက်ရှိ ထုပိကာ၊ ထောင့်တုရင်၊ မုခ်ဝင်လေ့ကားတို့ကားနှောင်းခေတ်လက်ရာတို့ ဖြစ်လေသည်။ ဤတွင် ဘိုးတော်မင်းတရား (၁၇၇၁-၁၇၁၉) လက်ထက်တွင် ပြုပြင်ခဲ့သည် ဟုဆိုသည်။

စပ်မိ၍ ဆိုရသော် ပုဂံခေတ်ဘုန်းကြီးကျောင်းများတွင် ရဟန်းသံဃာများ လေ့လာနိုင်ရန် ပိဋကတ်ကျမ်းစာများ၊ ပိဋကတ်တိုက်များလည်း ထားရှိရ ဖြစ်လေသည်။ ထို့ကြောင့် ကုသိုလ်ရှင်များသည် ဘုရားဂူကျောင်း တည်ဆောက်ကြရာတွင် ပိဋကတ် စာပေကိုလည်း ထည့်သွင်းလှူဒါန်းလေ့ ရှိလေသည်။ ပေပေါ်တွင် ကညစ်နှင့် ပိဋကတ်ရေးကူးရ၍ အကုန် အကျသည်လည်းမနည်း။ တစ်စုံလျှင် ငွေသုံးထောင် ခန့်အထိ ကုန်ကျသည်။ ရေးကူးပြီးနောက် ပိဋကတ် အစုံကို သစ်တလားတွင် ထည့်သွင်းသိမ်းဆည်းထားတတ်လေသည်။ ကျောက်စာသာဓက ပြရမည် ဆိုလျှင်

ပိဋကတ်သုံးပုံထားအံ့သောငှာ ကုလားကျောင်း လည်း ပြု၏။ ထိုကျောင်းတွင် ရွှေပေသားနှင့် ပိဋကတ် လည်းထား၏။

ဟူ၍ ဖြစ်၏။

www.burmeseclassic.com



ရွှေဂူကြီး



မုခ်တံကဲ

ရွှေဂူကြီးသည် အလောင်းစည်သူမင်းကြီး (၁၁၁၃-၁၁၆၃) ၏ ကောင်းမှုဖြစ်၏။ ပိဋကတ်တိုက်၏ အနောက်ဘက်၌ ရှိသည်။

ထိုဂူဘုရားသည် စကြံ့ပလ္လင်မြင့် အထက်တွင် တည်ရှိ၍ မြောက်ဘက်သို့ မှခ်လှည့်လေသည်။

ထိုဂူဘုရားသည် အချိုးအစား ကျနု၏။ ထို့ပြင် စကြံ့ပလ္လင်မြင့်ကို လျှောက်ကြည့်ပါက တောင်ဘက်၌ ရှိခိုးနေဟန် နတ်ရုပ်များနှင့် စိန်တန်းအင်္ဂတေ လက်ရာကောင်းများကို တွေ့ရပေလိမ့်မည်။ ထို့အတူ မုခ်တံကဲ၊ တိုင်ထောင့်ပန်း၊ တိုင်ဖုံးပန်းလက်ရာများကိုလည်း တင့်တယ်ပြေပြစ်စွာ တွေ့ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာရုပ်-တံခါးရွက်ပန်းပု

ဂူဘုရားသို့ အနောက်မြောက် ထောင့်ရှိ လှေကားငယ်ဖြင့် တက်နိုင်၏။ ထိုအခါ အာရုံခံနှင့် ဗဟိုမဏ္ဍိုင် ပတ်စကြံများသို့ ရောက်လိမ့်မည်။

ထူးခြားချက်တစ်ရပ်မှာ ဝင်ပေါက် ဝဲယာနံရံ တွင် ကပ်ထားသော ကျောက်စာနှစ်ချပ်ပင် ဖြစ်၏။ အလောင်းစည်သူမင်းကြီး နိဗ္ဗာန်ဆုတောင်းခဲ့သည်ကို ပါဠိဘာသာဖြင့် ကျောက်စာ ထိုးခဲ့လေသည်။ ကောက်နုတ် ဘာသာပြန်ရသော်

> သံသရာရေလျဉ်ကို ကျော်ဖြတ်၍ တံတားခင်း ပြီးလျှင် သတ္တဝါအပေါင်းအား နိဗ္ဗာန်ရွှေပြည် အရောက် ကူးမြောက်ကျော်လွှန်စေပါအံ့။
>
> မိမိကိုယ်တိုင် နိဗ္ဗာန်သောင်ကို တက်လှမ်း ရသည် ရှိသော် သံသရာရေလျဉ်၌ နစ်မွန်းနေကြ ကုန်သည့်သတ္တဝါတို့ကိုလည်း ဖေးကူတက် လှမ်းစေပါအံ့။ မိမိကိုယ်တိုင် နှစ်သိမ့်စေအပ် သည်ရှိသော် ထိတ်လန့် ချောက်ချားနေသူတို့ကို အတုံ့အလှည့် နှစ်သိမ့်ပါလေအံ့။ နိုးကြား လေဘိတရားကို မြင်သိသောအခါ အိပ်မောကျ နေသူတို့ကို နိုးကြားစေပါအံ့။
>
> လောင်မြိုက်ခြင်းမှ ကင်းလွတ်ငြိမ်းအေးသည် ရှိသော် တစ်ပါးသူတို့ကိုလည်း ကိလေသာ မီးတို့မှ ကယ်တင်ငြိမ်းအေးစေပါအံ့။ အနှောင် အဖွဲ့မှ လွတ်သော တစ်ပါးသူတို့ကိုလည်း အလားတူ ကင်းလွတ်စေပါအံ့။ မြတ်သော တရား၏ အညွှန် အကြားဖြင့် အမျက်ဒေါသကို ကင်းဝေးငြိမ်း အေးစေပါအံ့။

ဟူ၍ ဖြစ်လေသည်။ ထို့ပြင် ဂူဘုရားကို ၁၁၃၁ ခုနှစ် တွင် ခုနှစ်လနှင့်အပြီး တည်ဆောက်စေခဲ့ကြောင်း လည်း ကျောက်စာတွင် ဖော်ပြထားလေသည်။

ရာဇဝင်ကျမ်းများ၏ အဆိုအရ အလောင်း စည်သူမင်းကြီး၏ ဘဝနိဂုံးသည်လည်း ထိုဂူဘုရားနှင့် ဆက်စပ်နေ၏။ မင်းကြီး မကျန်းမမာရှိနေစဉ် သားအငယ် ဖြစ်သူ နရသူသည် ခမည်းတော်ကို ရွှေဂူကြီးဘုရား အတွင်းသို့ ပို့၏။ ထို့နောက် အဝတ်တို့ဖြင့်မျက်နှာကို အုပ်ကာ ဖိသတ်လေသဖြင့် အလောင်းစည်သူမင်းကြီး နတ်ရွာစံရရှာလေသည်။



လှေကားပြတင်း



www.burmeseclassic.com

www.burmeseclassic.com



## သံတော်ကြား

**သံတော်ကြား** ရုပ်ပွားဆင်းတုသည် ရွှေဂူကြီး ဘုရားအနီး၌ တည်ရှိ၏။

ထိုဆင်းတုကြီးကို စိမ်းဖန့်ဖန့် သဲကျောက်ဖြင့် ထုလုပ်ထား၏။ ဉာဏ်တော် (၁၉) ပေ (၆) လက်မ ရှိ၏။ နရပတိစည်သူမင်း (၁၂၅၆-၁၂၈၇) ၏ကောင်းမှုဟူ၍စကားစဉ်ရှိ၏။

သံတော်ကြားအမည်တွင်ပုံကား ဤသို့ဖြစ်၏။ ထိုဆင်းတုသည် မူလက နန်းတော်နေရာနှင့် နီးကပ်နေသည့် အပြင်ဘုရင့်အသံကို ကြားရသောနေရာ၌ ရှိလေသဖြင့် သံတော်ကြားခေါ်ကြောင်း ဆိုစမှတ်ပြုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## သဗ္ဗညု

**သဗ္ဗညု**လိုဏ်ဂူသည် အာနန္ဒာဘုရား၏ အနောက်တောင်ဘက်တွင်ရှိ၏။

အလောင်းစည်သူ (၁၁၁၃-၁၁၆၃) သည် ရဟန်းသံဃာများ မှူးမတ်များနှင့် တိုင်ပင်၍ သာဝတ္ထိ ပြည်ရှိ ဝိသာခါဒါယိကာမကြီး၏ ကောင်းမှုဖြစ်သော ပုဗ္ဗာရုံကျောင်းတော်နှင့် သဏ္ဌာန်တူအောင် လိုဏ်ဂူတည်ဆောက်စေခဲ့သည် ဟူ၍ဘုရားသမိုင်းများတွင် ဆိုလေသည်။ ထို့ကြောင့် ထိုလိုဏ်ဂူမှာ ဘုရားဝတ်ပြုရန် သက်သက်ချည်းသာ မဟုတ်ဘဲ ရှေးခေတ်က သံဃာတော်များ သီတင်းသုံးရန်နှင့် ပိဋကတ်တိုက်ထားရှိသုံးစွဲရန်လည်း လျာထားစီမံ ခဲ့သည်ဟု ထင်ရန်ရှိလေသည်။

သဗ္ဗညုဟူသော အမည်ကား ဘုရားသခင်၏ အလုံးစုံသိမြင်သော (သဗ္ဗညုတ) ဉာဏ်တော်ကို ရည်စူးဟန်တူလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သဗ္ဗညုလိုဏ်ဂူသည် ပုဂံဝန်းကျင်တွင် ထုထည် အကြီးမားဆုံး အဆောက်အအုံ ဖြစ်၏။ ဘုံနှစ်ဆင့် ရှိသည်။ အောက်ဘုံတွင်လည်းကောင်း၊ အထက်ဘုံတွင် လည်းကောင်း စိန်တောင်၊ ထောင့်စေတီ၊ ပစ္စယာသုံး ဆင့်တို့ဖြင့် တန်ဆာဆင်ထားသည်။ ဘုံနှစ်ခုစလုံးတွင် လေသာပြတင်း နှစ်ဆင့်စီရှိသဖြင့် နံရံတွင်း၌အလင်း ရောင်ကောင်းစွာ ရနိုင်လေသည်။ ထိုလိုဏ်ဂူ သည် ဖိနပ်တော်မှ ငှက်မြတ်နားအထိ ဉာဏ်တော် (၂၀၁) ပေ ရှိလေသည်။

ထိုမှ လှေကားဖြင့် **အနောက်ဘက်တက်**သော် ဂန္ဓကုဋိတိုက်တွင်း၌ တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီး တစ်ဆူကို ဖူးတွေ့ရလိမ့်မည်။

ဤသည်မှာ တတိယအထပ်ပေတည်း။ ထို အထပ်တွင်လည်း စင်္ကြံပတ်လမ်း ရှိလေသည်။ ထို စင်္ကြံမှနေ၍ အရပ်လေးမျက်နှာ ကြည့်လိုက်သော် အရှေ့ဘက်ဆီတွင် တုရင်တောင်ကို မြင်ရလိမ့်မည်။ ထိုမှဆုတ်၍ ကြည့်သောအခါ ဓမ္မရံကြီး၊ စူဠာမဏိ၊ အာနန္ဒာစသည့်ဘုရားများကို မြင်ရလိမ့်မည်။ အရှေ့



ဂရိ့ချိုးဘုရား

အရှေ့ဘက်အာရုံခံမှာ အခြားဘက်များထက် ပို၍ ကျယ်ပြန့်၏။ အတွင်းသို့ဝင်လိုက်သော် အထက် တက်ရန် လှေကားမကြီးကိုမြင်ရလိမ့်မည်။ လှေကား မကြီးအစ ဝဲဘက်ယာဘက်တွင်ဒွာရပါလ အစောင့် နတ်ရုပ်များသည် မုခ်ဝကို မျက်နှာမူ၍ မတ်တတ်ရပ် နေသည်။ လှေကားမကြီးအဆုံးတွင် အထပ်ငယ် တစ်ထပ်ရှိ၏။ ထိုအထပ်ငယ်၌ အလယ်မဏ္ဍိုင်ကြီးကို စင်္ကြံနှစ်ထပ် ပတ်ဝိုင်းထား၏။ ထိုအထပ်ငယ်မှတစ်ဆင့် နှစ်ဖက် နံရံအတွင်း ဖောက်ထွင်းပြုလုပ်ထားသော လှေကားများဖြင့် ဆက်တက်လိုက်သော်အရှေ့ဘက် အာရုံခံ အမိုးပေါ်ရှိ လေသာဆောင်သို့ ရောက်လိမ့်မည်။

မြောက်ဘက် မှန်းမျှော်ကြည့်သော် ရွှေစည်းခုံ၊ ထီးလိုမင်းလို စသည့် စေတီဘုရားများကို မြင်ရ လိမ့်မည်။ အနောက်ဘက် မှန်းမျှော်ကြည့်သော် နတ်လှောင်ကျောင်း၊ ပုထိုးသားများ၊ ငကျွဲနားတောင်း စသည့် စေတီဘုရားများကို မြင်ရလိမ့်မည်။ ထိုထိုသော စေတီဘုရားများကိုလွန်၍ ကြည့်လိုသော် ဧရာဝတီမြစ် နှင့် တစ်ဖက်ကမ်းရှိ တန့်ကြည့်တောင်တန်းကို မြင်ရ လိမ့်မည်။

တတိယအထပ် တစ်ဖက်တစ်ချက်ရှိ နံရံတွင်း လှေကားဖြင့် တက်ပြန်သော် စတုတ္ထအထပ်ငယ်သို့ ရောက်လိမ့်မည်။ ထိုအထပ်၏ အပြင်ဘက်အာရုံခံမှ နတ်လှေကားဖြင့် အပေါ်တက်ပြန်သော် ကွမ်းတောင်



www.burmeseclassic.com


www.burmeseclassic.com

၏အခြေသို့ ဆိုက်ရောက်ပေလိမ့်မည်။ ကွမ်းတောင် အထက်၌ကား စေတီပေါက်ထားလေသည်။


သဗ္ဗညုလိုဏ်ဂူကို ခေတ်အဆက်ဆက် ကုသိုလ်ရှင်များက ထုံးသုတ်ခဲ့လေ၍ ယခုအခါ အင်္ဂတေပန်းများ မပေါ်လေတော့ပြီ။ အနောက်ဘက် မျက်နှာအာရုံခံ အမိုးတွင်မူ ကျိုက်တင် ပန်းဝိုင်းများရှိနေသေး၏။

လိုဏ်ဂူဘုရား၏ အနောက်တောင်ဘက် ဘုန်းကြီးကျောင်းဝင်းအထဲတွင် အလောင်းစည်သူ၏ ကောင်းမှု ခေါင်းလောင်းတိုင်ကြီးများ ရှိလေသည်။ မူလက ကြေးစင်အချိန်တစ်သောင်းကို သွန်းသော ခေါင်းလောင်းကြီးကို ချိတ်ဆွဲထားခဲ့သော်လည်း ယခုအခါ မတွေ့နိုင်လေတော့ပြီ။

သဗ္ဗညုလိုဏ်ဂူနှင့် ကပ်လျက်ရှိသော ဂူဘုရားငယ်တစ်ဆူသည် ဂရိုချိုးဘုရားဟု အမည်တွင်၏။ အဆိုရှိလေသည်မှာ သဗ္ဗညုလိုဏ်ဂူကို တည်ဆောက်စဉ်က အုတ်တစ်သောင်းပါ အုတ်တစ်ဖိုလျှင် အုတ်တစ်ချပ်ကျဖြင့် ဂရိုချိုးမှတ်ပြီး တည်ဆောက်ခဲ့သည်ဟူ၏။



ပန္နက်ပုံ (ဘေးမြင်ရုပ်လုံးဖော်)



ခေါင်းလောင်းတိုင်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com



## ဓမ္မရံကြီး

**ဓမ္မရံကြီး**လိုဏ်ဂူတော်ကြီးသည် ပုဂံရှိ ထုထည် အကြီးမားဆုံး ဘုရားများတွင် တစ်ခုအပါအဝင် ဖြစ်သဖြင့် ရပ်ဝေးလေးမျက်နှာမှ ဖူးမြော်နိုင်သည်။ ဤလိုဏ်ဂူ၏ ဝိသေသ ထူးခြားချက်တစ်ခုမှာ အုတ် အင်္ဂတေပန်းရန် ဗိသုကာလက်ရာ ဖြစ်သည်။ အုတ်စီ ပုံမှာ ဓားစီခုတ်ခေါ် ဓားဖြင့် ရွေခုတ်ပြီးမှ သရွတ် အင်္ဂတေညှပ်စီခြင်းဖြစ်၍ အပ်ထိုး၍ပင် မရအောင် စေ့စပ်သည် ဆိုလေသည်။ ပေါင်းကူးများနှင့်အတွင်း နံရံများသည် ခိုင်ခံ့သည်။

ပန္နက်ပုံစံသည် အာနန္ဒာလိုဏ်ဂူဘုရားကြီး ပန္နက်ပုံစံနှင့် ဆင်တူသည်။ စတုရန်းပုံစံဖြစ်၍ လေး မျက်နှာ၌ အာရုံခံမုခ်များ ရှိသည်။ ဂရိတို့၏ ကြက်ခြေ ခတ်ပုံစံသဘောမျိုး ဖြစ်သည်။ အာနန္ဒာကဲ့သို့ပင် အမိုး နှစ်ဆင့် နိမ့်လျှောရှိ၍ ပစ္စယာလေးဆင့် တက်ထား သည်။ ထိုအထက်၌ ကွမ်းတောင်နှင့် အထွတ်တို့သည် ပျက်စီးလျက်ရှိသည်။

ဤသို့ ထုထည်ကြီးမားသော ဓမ္မရံကြီးအတွင်း ၌ အပြင်လိုဏ်ပတ် စင်္ကြံလမ်းများ အထိသာ ဝင်ရောက် နိုင်၍ အတွင်းလိုဏ်ပတ်စင်္ကြံလမ်းများကို ပိတ်ဆို့ ထားလေသည်။ မည်သည့်အကြောင်းကြောင့် မည်သည့်အခါက ပိတ်ထားကြောင်းကို မသိရပေ။ ဓမ္မရံကြီးတည်သော မင်းလက်ထက်ကပင် ပိတ်ဆို့ ထားခဲ့လေသလား။ ထိုမင်း နတ်ရွာစံပြီး နောက်မှ ပိတ်ဆို့ထားခဲ့လေသလား။ အခြားသော လိုဏ်ဂူ ဘုရားများ၌ အပြင်လိုဏ်ပတ်စင်္ကြံလမ်းမှ အတွင်း လိုဏ်ပတ်စင်္ကြံလမ်းများသို့ ပေါက်ရောက်ပြီး အလယ် မဏ္ဍိုင်ရှိ ဗုဒ္ဓရုပ်ပွားတော်များအထိ သွားရောက် ဖူးမြော်နိုင်သည်။ သမိုင်းများတွင် ဤကိစ္စကို ဖြေရှင်း မထားချေ။

ဤဓမ္မရံကြီးလိုဏ်ဂူကို နရသူမင်း (၁၁၆၃-၁၁၆၅) တည်ဆောက်သည်။ ထိုမင်းမှာ အိန္ဒိယပြည် ပဋိက္ကယား ကုလားမင်းက စေလွှတ်သော ကုလားလူမျိုး ရှစ်ယောက်တို့က ပုဏ္ဏားအယောင်ဆောင်ပြီး သတ်သောကြောင့် အနိစ္စရောက်တော်မူသည်။ ပဋိက္ကယားမင်း၏ သမီးတော်ကို နရသူမင်းအမျက် တော်ရှိ၍ ကွပ်မျက်ခဲ့သည်။ ဤရန်ငြိုးကြောင့် နရသူကို ကုလားတို့ လုပ်ကြံရာ နတ်ရွာစံသဖြင့် "ကုလားကျမင်း" ဟူ၍ ခေါ်ကြလေသည်။ သမိုင်းသုတေသီ အချို့ကမူ သီဟိုဠ်ပြည် ပထမ ပရက္ကမဗာဟုမင်း (၁၁၅၃-၁၁၈၆) လက်ထက် သီဟိုဠ်ကျွန်းသား ကုန်သည်များကို နရသူက မတန်တဆ အခွန်ကောက်ယူပြီး မတရား ညှဉ်းဆဲနှိပ်ကွပ် သတ်ဖြတ်သဖြင့် (၁၁၆၅) ခုနှစ်တွင် ရန်တုံ့မူကာ စစ်ချီတက်သတ်ဖြတ်ကြသည်ဟုဆိုလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဆံတော်

**ရွှေဆံတော်**စေတီ ဒါယကာမှာ အနော်ရထာ မင်း (၁၀၄၄-၁၀၇၇) ဖြစ်လေသည်။ မြတ်စွာဘုရား၏ ဆံတော်ဓာတ်ကို ဌာပနာ၍ တည်ထားသော စေတီ ဖြစ်သည်။

ဥသြ ပဲခူးပြည်သို့ ဂျွမ်း (ခမာ) စစ်သည်များ တိုက်ခိုက်လာသည့်အခါ ဥသာပဲခူးမင်းသည် အနော်ရထာမင်းကြီးထံ စစ်ကူ တောင်းလေ၏။ ဂျွမ်းစစ်သည်တို့ကို တိုက်ခိုက်အောင်မြင်၍ ဥသြမင်း က ရှေးမင်းအဆက်ဆက် ကိုးကွယ်ခဲ့သော ဆံတော် ဓာတ်တစ်ဆူကို အနော်ရထာမင်းထံ ဆက်သလိုက် သည်ဟု သမိုင်းအစဉ်အလာ အဆိုရှိလေသည်။

ဆံတော်ဓာတ်၏ မူလအကြောင်းရင်းမှာ ဤသို့ ဖြစ်သည်။ မြတ်စွာဘုရားသခင် ဘုရားဖြစ်တော်မူ ပြီးနောက် လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေစဉ် ကုန်သည် တဖုဿနှင့် ဘလ္လိကညီနောင်တို့က ပျားမုန့်ဆွမ်းကို ကပ်လှူကာ ဆံတော်ဓာတ် ရှစ်ဆူကို မြန်မာပြည်သို့ ပင့်ဆောင်လာခဲ့သည်။ ယခုဆံတော် ဓာတ်သည် ယင်းအနက်မှ တစ်ဆူ ဖြစ်သည်။ သရေခေတ္တရာပြည် ရသေ့မြို့၌ ဆံတော်လေးဆူကို ဌာပနာခဲ့သည်။ သရေခေတ္တရာပြည်ပျက်သော် ရာမ ညတိုင်း မွန်မင်းတို့သည် သရေခေတ္တရာစေတီမှ ဆံတော်ဌာပနာများကိုပင့်ယူ၍ အချို့ကို ဘုရားမှာ ဌာပနာသည်။ တစ်ဆူကိုမူ ရတနာပန်းတောင်းတွင် ထည့်၍ ရာမညမင်း အဆက်ဆက် ကိုးကွယ်ကြ လေသည်။ ထိုမှ အနော်ရထာမင်းထံ ရောက်လာ ခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စျာန်ဝင်စားဟန်ဆင်းတု

အနော်ရထာမင်းတည်ထားသော ကောင်းမှုတို့အနက် ရွှေဆံတော်သည် ရှေးအကျဆုံး စေတီလက်ရာဖြစ်သည်။ ထို့နောက် စေတီတည်ဆောက်ပုံသည် တဖြည်းဖြည်း ဖွံ့ဖြိုးလာရာ ရွှေစည်းခုံတည်သည့်အချိန်တွင် စေတီအဂ်ါ ပြည့်စုံလာလေသည်။ ရွှေဆံတော်စေတီတော်ကို စတုရန်းလေးထောင့်ပုံ ပစ္စယာ ငါးဆင့်တက်၍ တည်ဆောက်သည်၊ စေတီမျက်နှာအလယ်၌ နတ်လှေကားများ တပ်ဆင်ထားသည်။ ပစ္စယာများမှာ စောက်သည်။ စေတီပုံမှာ အထက်မြင့်တက်ဟန်ရှိ၍ ထုထည်ကိုယ်နှင့်စသော စေတီအထက်ပိုင်းမှာ ခပ်ဝပ်ဝပ်ဖြစ်နေသည်။ ပစ္စယာငါးဆင့်အထက်၌ ရှစ်ထောင့်ကြာဝန်းခံ၍ ခေါင်းလောင်းပုံ၊ ရင်ဖွဲ့ခါးပတ်၊ သပိတ်မှောက်၊ ဖောင်းရစ်စသည်တို့ဖြင့် ဝန်းဝိုင်းရှူးတက်ကာ အထွတ်၌ ထီးတင်ထားသည်။

တစ်ချိန်က ပစ္စယာများတွင် ငါးရာ့ငါးဆယ် ဇာတ်အုတ်ချပ်များ တပ်ဆင်ခဲ့သည်။ ယင်းတို့အနက် မပျက်မစီး ကျန်ရှိနေသေးသည့် အုတ်ချပ်အချို့မှာ ပုဂံ၌တွေ့သမျှ အုတ်ချပ်များတွင် ရှေးအကျဆုံးဟု ယူဆကြသည်။ စေတီ၏ ပစ္စယာများ၌ ထောင့်စေတီများမဆောက်ခဲ့ချေ။ သို့သော် ထိုနေရာများတွင် မဟာဝိနာယကဂနသျှ ခေါ် ဆင်ဦးခေါင်းရှိ ဟိန္ဒူ မဟာပိန္နဲနတ်ရုပ်များ ရှိခဲ့ကြောင်း စေတီအောက်၌ တွေ့ရသော အကျိုးအပဲ့များအရ သိရသည်။ ထို့ကြောင့် ရွှေဆံတော်စေတီကို မဟာပိန္နဲစေတီဟုလည်း အချို့က ခေါ်ကြလေသည်။



အစောင့်ဟိန္ဒူနတ်ရုပ်များ



ဟိန္ဒူနတ်ရုပ်ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပင်သာလျှောင်း

**ရှင်ပင်သာလျှောင်းလိုဏ်ဂူသည်** ထောင့်မှန်စတုဂံပုံ နိမ့်ပျပ်ပျပ် အုတ်အဆောက်အအုံဖြစ်၍ ရွှေဆံတော်ဘုရားအနီး အနောက်တောင်ဘက်တွင် ရှိလေသည်။ လိုဏ်ဂူကြီးသည် မထင်ရှားချေ။ အတွင်း၌ ကိန်းအောင်းလျက်ရှိသော ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူဟန် လျှောင်းတော်မူ ရုပ်ပွားတော်ကြီးသည် အလျား ပေ ၆၀ ရှိပြီး ပုဂံလျှောင်းတော်မူတို့တွင် အကြီးဆုံးဖြစ်သဖြင့် ထူးခြားသည်။ ယင်းမှာ ၁၁ရာစုက လက်ရာဖြစ်သည်။ ပရိနိဗ္ဗာန် စံတော်မူရာတွင် လယ်ယာဘက်သို့စောင်း၍ လက်ယာလက်ပေါ်တွင် ပါးတင်ထားလျက်ရှိသည်။ ဤလျှောင်းတော်မူ၏ ထူးခြားချက်မှာ မြောက်ဘက်သို့ မဟုတ်ဘဲ တောင်ဘက်သို့ ဦးခေါင်းမူထားခြင်း ဖြစ်သည်။ ဤသို့ တည်ထားခြင်းမှာ အရှေ့ဘက်တွင်ရှိသော ရွှေဆံတော်စေတီကို မျက်နှာမူနေစေရန် ဖြစ်ဟန်တူသည်။





www.burmeseclassic.com

www.burmeseclassic.com



## မင်္ဂလာစေတီ

**မင်္ဂလာစေတီ**သည် နရသီဟပတေ့မင်း (၁၂၅၆-၁၂၇၇) ၏ ကောင်းမှုဖြစ်လေသည်။

၁၂၆၈ ခုနှစ်တွင် စ၍ တည်၏။ မပြီးမီ "ဘုရားလည်းပြီး၊ ပြည်ကြီးလည်းပျက်"ဟု တဘောင်ပေါ်သဖြင့် စိုးရိမ်၍ ရပ်ထား၏။ ထိုအခါ ပုံ့သကူ **မထေရ်က**

ဟယ် မင်းမိုက် ... အနိစ္စကမ္မဋ္ဌာန်းကို မရှု၊ အလှူ
ကောင်းမှုပြုပြီးမှ ပြည်ပျက်အံ့ သည်ကို
စိုးရိမ်၍နေသည်ကား နင့်ထက်မိုက် သသူ မရှိ။
နင့်ပြည်နှင့်နင် မသေဘဲ နေရတုံ အံ့လော ...

ဟု ဆုံးမလေမှ ဆက်၍တည်သည်။ ၁၂၇၄ ခုနှစ်တွင် အပြီးတိုင်ရောက်လေသည်။ စပ်မိ၍ဆိုရသော် ဆယ်နှစ်အကြာတွင် ပြည်ပမှ ဝင်လာသော မွန်ဂိုစစ်ဒဏ်ကို မခံနိုင်သဖြင့် နရသီဟပတေ့လည်း ပုဂံမှ တိမ်းရှောင်ခဲ့ရလေသည်။

မင်္ဂလာစေတီသည် ရွှေစည်းခုံကို နမူနာယူ၍ တည်ထားသော စေတီဖြစ်လေသည်။အလွန်တင့်တယ်ပြေပြစ်၏။ လေးထောင့်အုတ်ခုံပေါ်တွင် တည်ရှိကာ အုတ်ခုံမျက်နှာစာနှင့် ပစ္စယာအဆင့်ဆင့် ပတ်လည်၌ ဇာတ်နိပါတ်ဖော် စဥ့်သုတ်ရုပ်ကြွမျာကို စီခြယ်ထားသည်။ ပစ္စယာသုံးဆင့်တွင် ထောင့်စေတီများ စိုက်ထားသည်။ နတ်လေှကားများ တပ်ဆင်ထားသည်။ ထို့နောက် တတိယ ပစ္စယာအထက်တွင် ရှစ်ထောင့်ကြာဝန်း၊ ခါးပတ်၊ ခေါင်းလောင်းပုံ၊ သပိတ် မှောက်၊ ဖောင်းရစ်၊ ကြာမှောက်၊ ရွှေ ချရားသီး၊ ထီး စသည်တို့ဖြင့် မွမ်းမံထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်လှောင်ကျောင်း

**နတ်လှောင်**ကျောင်း၏ တည်နေရာသည် သဗ္ဗညု လိုဏ်ဂူ၏ အနောက်ဘက်၊ ပုထိုးသားများ လိုဏ်ဂူ၏ အရှေ့ဘက်တွင် ဖြစ်လေသည်။

ထိုအဆောက်အအုံသည် ပုဂံရှိ ဗြဟ္မဏဟိန္ဒူ ဝါဒ၊ ဗိဿနိုးကိုးကွယ်သူ အိန္ဒိယတိုင်းရင်းသားများ ဝတ်ပြုရာ ဘုရားကျောင်းပင်ဖြစ်၏။ ထိုကျောင်းမျိုးသည် မြင်းကပါဘက်၌လည်း ရှိခဲ့ဖူး၏။ ထို့ပြင် မြင်းကပါ ဘက်တွင် တွေ့ရသော တမီလ်ဘာသာထိုး ကျောက်စာတစ်ခုတွင်လည်း အိန္ဒိယတောင်ပိုင်း မလေမဏ္ဍလ အရပ်သားတစ်ဦးသည် ဗိဿနိုးဘုရားကျောင်းအတွက် အာရုံခံ (မဏ္ဍပ)၊ တံခါးဆီမီးတိုင်၊ ဝတ္ထုပစ္စည်း ၁၉ခု လှူဒါန်းခဲ့ကြောင်း ပါရှိလေသည်။ ဤသို့ဖြင့် ပုဂံခေတ်၌ ဗုဒ္ဓဘာသာအပြင် ဗြာဟ္မဏဟိန္ဒူဝါဒ ဗိဿနိုးကိုးကွယ်မှုလည်း ရှိခဲ့ဖူးကြောင်းသိရလေသည်။



ဂဠုန်ငှက်စီး ဗိဿနိုးနတ်



www.burmeseclassic.com

www.burmeseclassic.com

ဗိဿနိုးဂိုဏ်းဆိုင်ရာ ထုံးတမ်းစဉ်လာများကို ပုဂံခေတ် ဗုဒ္ဓဘာသာဝင်များကလည်း လေးစားကြလေသည်။ ကျန်စစ်သားမင်း၏ နန်းတည် အခမ်းအနားတွင် ကြံ၊ ငှက်ပျော၊ သင်ပုတ်၊ ဒေါင်းလန်း၊ ဆီမီးတိုင်တို့ဖြင့် ဗိဿနိုးနတ်မင်းကို ပူဇော်ကြောင်း ပါရှိလေသည်။ မင်းများ ဘိသိက်ခံခြင်း၊ သကြိန်တော်ခေါ်ခြင်း အမှုများတွင်လည်း ဗိဿနိုးဂိုဏ်းထုံးတမ်း အရ ဆောင်ရွက်လေသည်။

နတ်လှောင်ကျောင်း အဆောက်အအုံသည် နှစ်ကာလ ကြာညောင်းခဲ့သည်နှင့်အမျှ ဟောင်းမြင်း ယိုယွင်းနေ၏။ မူလအာရုံခံ (မဏ္ဍပ) နှင့် အဝင်ဝမှာ မရှိလေတော့ပြီ။ ကျန်ရှိနေသည်မှာ အတွင်းဆောင်နှင့် ကွမ်းတောင်စသော အပေါ်အလုပ် အဆောင်တို့ပင် ဖြစ်သည်။ အဆောက်အအုံ၏ အပြင်နံရံမှာ မူလက အတွင်း၌ ရှိခဲ့ဟန်တူ၏။ ထိုနံရံမုခ်ကပ်များတွင် ဗိဿနိုး နတ်မင်း၏ (ဖြစ်တော်ပေါင်း အဝတာရ) ကိုယ်ပွား ရုပ်တုအချို့သည် ယခုတိုင် ရှိနေသေး၏။ ထိုရုပ်တုများ သည် မစ္ဆ (ငါးမင်း)၊ ကုရ်မ (လိပ်မင်း)၊ ဝါရဟ (ဝက်မင်း)၊ နရသီဟ (လူခြင်္သေ့မင်း) စသည်တို့ ဖြစ်ကြသည်။ လူသတ္တဝါတို့ကိုကယ်ဆယ်စောင့်ရှောက် ရန် မိမိဘဝကို အခါအားလျော်စွာ စွန့်၍ လူ့အသွင် တိရစ္ဆာန်အသွင် ယူခဲ့ခြင်းသဘောပေတည်း။

နတ်လှောင်ကျောင်းအတွင်းသို့ ဝင်လိုက်သည် ဆိုအံ့။ စင်္ကြံပတ်လမ်းကို တွေ့ရလိမ့်မည်။ အတွင်း ဆောင်၌ကား အလယ်မဏ္ဍိုင်သည် ရှိ၏။ အလယ် မဏ္ဍိုင်ပတ်လည် မုခ်ကပ်များ၌ အင်္ဂတေပန်းများဖြင့် တန်ဆာဆင်ထားလေသည်။ မုခ်ကပ်များအတွင်း၌ ကြာပလ္လင်ထက် (ပဒုမာသန) တင်ပျဉ်ခွေထိုင်နေသော သီဝနတ်ရုပ်နှင့် စက် (စကြ)၊ ခရုသင်း (သင်္ခ)၊ ဒွန်းတောင်း (ဂဒါ)စသည်များကို ကိုင်ဆောင်ထားသော မတ်ရပ်ဗိဿနိုးနတ်ရုပ်များကို တွေ့နိုင်လေသည်။ ထို့ပြင် ဂဠုန်ငှက်ပေါ်၌ ထိုင်နေသော ဗိဿနိုးနတ်ရုပ် နှစ်ခုအနက် တစ်ခုကိုလည်း တွေ့နိုင်လေသည်။

ဤတွင် အဓိကနတ်ရုပ်ကို တစ်စိတ်တစ်ပိုင်း သာတွေ့နိုင်တော့မည် ဖြစ်၏။ ထိုပုံမှာ ကမ္ဘာလောက ကို ဗိဿနိုးနတ်မင်းကြီး အသစ်ဖန်ဆင်းပုံ သရုပ်ဖော် ခြင်းဖြစ်လေသည်။ ထိုပုံနှင့်စပ်၍ အပြည့်အစုံ ဖော်ပြ ရသော် အကြင် သမုဒ္ဒရာရေပြင်၌ ထာဝရတည် နေသော ကာလနဂါး (သေသျှ) သည် ရှိ၏။ ထိုကာလ နဂါးအပေါ်၌ ဗိဿနိုးနတ်မင်းကြီး လဲလျောင်းနေ လေသည်။ ထိုနတ်မင်းကြီး၏ ချက်မှကြာပေါက်ကာ (ဗြဟ္မာ၊ ဗိဿနိုး၊ သီဝ) နတ်သုံးပါး ပွားလာခဲ့လေသည်။ ထိုအဓိကပုံတွင် ယခုကျန်ရှိနေသော အစိတ်အပိုင်း သည် ကာလနဂါး၏ တွန့်လိမ်နေသော အမြီးပင် ဖြစ်တော့သည်။



သီဝနတ်



www.burmeseclassic.com

www.burmeseclassic.com



ပုထိုးသားများ

BURMESE CLASSIC .com

**ပုထိုးသားများ**ဂူဘုရားသည် ၁၀ ရာစုခေတ်က ညောင်ဦး စောရဟန်းမင်း၏ ကောင်းမှုဟု အစဉ်အလာ မှတ်ယူကြလေသည်။ သို့ရာတွင် ဂူဘုရားပုံသဏ္ဌာန်ကို ထောက်၍လည်းကောင်း၊ အတွင်းနံရံရှိ မွန်စာတန်း များကို ထောက်၍လည်းကောင်း ဂူဘုရားတည်သော ခေတ်ကာလကို ၁၁ ရာစုခေတ်နှောင်းဟု သုတေသီ များက ခန့်မှန်းကြလေသည်။

ပုထိုးသားများသည် ထူပါ (ပုထိုး) ပေါက်ဂူ ဘုရား ဖြစ်၏။ တိုက်မ (ဂန္ဓကုဋိ) သည် စတုရန်းပေ ကိုးဆယ် ကျယ်၏။ တစ်ဖက်တစ်ချက်တွင် ဇာပေါက်ပြတင်း ငါးခုစီရှိ၏။ အာရုံခံတန်ဆောင်းသည် ကျယ်ပြန့်၍ စတုရန်းပေ ရှစ်ဆယ့်နှစ် ရှိ၏။ အာရုံခံ မုခ်သည် အရှေ့ဘက်သို့ လှည့်သည်။ မုခ်ပေါက် သုံးခုရှိ၍ မုခ်တံကဲများ တင့်တယ်လှပေသည်။




ကချေသည်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းအား ကာလဒေဝိလရသေ့ ဖူးမြော်ဟန်

တိုက်မအထက် အလယ်ဗဟိုတွင် ပုထိုးတည်ထားလေသည်။ တည်ထားပုံမှာ မိုးလျှော၊ ပစ္စယာ သုံးဆင့်၊ ထို့နောက် ဆယ့်နှစ်မြောင့်ရှိ ခေါင်းလောင်းပုံ၊ ထို့နောက် ဓာတ်တော်တိုက်၊ ဖရုံတုံးခံပြီးလျှင် ဆယ့်နှစ်မြောင့်ရှိ ထီးရစ် (ဆတ္တာဝလိ) ပေါက်ထားလေသည်။ ထိုအလယ်ပုထိုးကြီးအပြင် တိုက်မအထက်၌ ပုထိုးငယ်များလည်း ရှိ၏။ ထို့ကြောင့် ပုထိုးသားများဟု အမည်တွင်ခဲ့ဟန် တူလေသည်။ ဤတွင် သုတေသီအချို့ကမူ ပုထိုးသားများဟူသော ဝေါဟာရသည် စည်ပင်တိုးပွားခြင်း အနက်ထင်သည်။ ထိုဂူဘုရားသည် ပုဂံခေတ်ဦးဂူဘုရား ဖြစ်သည်နှင့်အညီ ဗုဒ္ဓသာသနာ စည်ပင်တိုးပွားလာခြင်း သဘောဆောင်သည်ဟု ဖွင့်ဆိုကြလေသည်။

ဂူဘုရားအတွင်း၌ စကြံပတ်လမ်း ရှိ၏။ နံရံတွင် မွန်ဘာသာကမ္ပည်းထိုး ဗုဒ္ဓဝင်ဆေးရေးကားများ ရှိ၏။ သာဓကအားဖြင့် ကာလဒေဝိလ ရသေ့က သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်မည်ဟု နိမိတ်ဖတ်ဟန်၊ သိဒ္ဓတ္ထမင်းသား လေ့ကစားဟန်၊ မြတ်စွာဘုရားယမိုက် ပြာဋိဟာပြဟန် ပန်းချီများ ဖြစ်သည်၊ တစ်ဖန် တိုက်မ အထက်ရှိ ဂူငယ်များတွင်လည်း ကန်တော့ဟန်မူ နေသော မင်းရုပ်ပုံ ဆေးရေးပန်းချီများ ရှိလေသည်။

ဂန္ဓကုဋိအတွင်း ဝင်လိုက်သော်ကား တင်ပျဉ်ခွေ ရုပ်ပွားဆင်းတုကြီးကို ဖူးမြင်ရလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မီးမလောင်ကျောင်း

**မီးမလောင်ကျောင်း**သည် နရပတိစည်သူ (၁၁၇၄-၁၂၁၁) ၏ ကောင်းမှုဟု ဆိုကြလေသည်။ ထိုဂူဘုရားကို နှောင်းခေတ်များတွင် ပြုပြင်မွမ်းမံခဲ့ ကြသည်။


အောက်ခြေအုတ်ခုံ၏ ထုထည်သည် နိုင်ခံ့၏။ တစ်ဆယ့်သုံးပေမြင့်၏။ အုတ်ခုံပေါ်တွင် တည်ထား သော ဂူဘုရားသို့ လှေကားအမြင့်ဖြင့် တက်ရလေ သည်။ ဤသည်မှာ မီးဘေး ရေဘေးစသော ဘေး အန္တရာယ် အသီးသီးမှ ကင်းဝေးရလေအောင် စီမံခဲ့ခြင်း ပေလားဟု တွေးတောစရာ ဖြစ်လေသည်။ အမှန် စင်စစ် ပုဂံဒေသ သည် ပူပြင်းခြောက်သွေ့၍ မီးရန်နှင့် မကင်း။ ဤသည်ကို ရည်၍လည်း ပုဂံဒေသကို အချို့က တတ္တဒေသဟူ၍ အမည်ပေးခဲ့ဟန် တူသည်။ ၁၂၂၅ ခုနှစ်ကလည်း ပုဂံသည် မီးဘေးအကြီးအကျယ်ကြုံခဲ့ဖူး သည်။

ဂူအထက်ရှိ အလုပ်အဆောင်မှာမူ ထောင့်တုရင်များဖြင့် အမိုးအဆင့်ဆင့် တန်ဆာဆင်ထားခြင်းပင် ဖြစ်၏။ ထိုအထက်တွင် စေတီငယ်တစ်ဆူ တည်ထားသည်။ ဂူအတွင်းသို့ ဝင်လိုက်သော်ကား နှောင်းခေတ်တွင်ထုလုပ်သော တင်ပျဉ်ခွေဆင်းတု တစ်ဆူကို ဖူးမြင်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကွဲနားတောင်း

**ကျောက်ကွဲနားတောင်း**သည် ပုဂံရှိ အခြား မြေစိုက်ဘုရားများနှင့် မတူ။ အုတ်ဖိနပ် နိမ့်နိမ့်ဝိုင်းဝိုင်းပေါ်တွင် လုံးစောက်ကိုယ်ထည် တက်ထား၏။ မွမ်းမံခြယ်လှယ်ခြင်း မရှိသလောက် ဖြစ်သည်။ မူလက အထွတ်ရှိဟန်တူသော်လည်း ယခုအခါ မတွေ့ရ။ ဉာဏ်တော်လေးဆယ့်လေးပေရှိ၍ အချင်းရှစ်ဆယ့်နှစ်ပေ ရှိ၏။ ရှေးကျသော ဗိသုကာလက်ရာပေတည်း။


ထူးခြားချက်မှာ စေတီကိုယ်လုံး ပတ်လည်တွင် စဥ့်စိမ်းသုတ်ထားခြင်း ဖြစ်၏။

၁၉၇၅ ခုနှစ်တွင် ငလျင်ဒဏ်ခံရ၍ ပြန်လည်ပြင်ဆင်ထားသည်။




www.burmeseclassic.com

www.burmeseclassic.com



## ဂေါ်တော်ပလ္လင်



ဂေါ်တော်ပလ္လင်သည် နရပတိစည်သူမင်း (၁၁၇၄-၁၂၁၁)နှင့် သားဖြစ်သူ ထီးလိုမင်းလို (၁၂၁၁- ၁၂၃၄?) တို့၏ ကောင်းမှု ဖြစ်လေသည်။ နရပတိစည်သူမင်း လက်ထက်တွင် အပြီးမသတ်လေ၍ သား ဖြစ်သူက ဆက်လက်တည်ရ၏။

ထိုဂူဘုရားနှင့် စပ်လျဉ်း၍ အစဉ်အလာ စကားရှိ၏။ ဘေးလောင်းတော် ဘိုးလောင်းတော်တို့မှာ မိမိကဲ့သို့ ဘုန်းမကြီးဟု အလောင်းစည်သူမင်းကြီး (၁၁၁၃-၁၁၆၃) သည် နှုတ်ဖြင့် ပြစ်မှားမိသဖြင့် မျက်စိပုံးနှစ်ဖက် ကွယ်ခဲ့လေသည်။ ဤတွင်ရှေးမင်း တို့၏အရုပ် ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com

ကာပန်းပေါက်ပေါက်တို့ဖြင့် ပူဇော်ကန်တော့လေမှ မျက်လုံးပြန်မြင်ရလေ၏။ ကန်တော့ရာ အရပ် သည် ဂေါ်တော်ပလ္လင် (ကန်တော့ ပလ္လင်) ဂူဘုရား၏ တည်နေရာဟု ဆိုကြသည်။


တစ်ဖန် နရပတိစည်သူမင်းသည် စူဠာမဏိ ဂူဘုရားတည်ရန် အလို့ငှာ လူအများအား ချောက်ကြီးကို အပြင်းအပြ ဖို့စေ၏။ ပုံ့သကူမထေရ်လည်း မင်းကြီးကို သတိပေး တားမြစ်လေသည်။ ထိုအခါ မင်းကြီးနှလုံးထောင့်၍ ပုံ့သကူမထေရ်ကို ပုဂံပြည်မှ နှင်ထုတ်မိ၏။ ပုံ့သကူမထေရ်လည်း သီဟိုဠ်သို့ကူးမည်ဟု ပြင်ဆင်၏။ ထိုအခါ မင်းကြီး နောင်တတရားရကာ ကန်တော့တောင်းပန်ရလေသည်။ မင်းကြီးကန်တော့ရာ အရပ်တွင် ဂေါ်တော်ပလ္လင် (ကန်တော့ပလ္လင်)ဂူဘုရားကို တည်သည်ဟု ဆိုကြသည်။

ဂေါ်တော်ပလ္လင်သည် ပစ္စယာဆင့်များ၊ ထောင့်စေတီများနှင့်တကွ နှစ်ထပ်ဂူဘုရားဖြစ်၏။ အရှေ့ဘက်သို့မုခ်လှည့်၏။ ကွမ်းတောင်ထက်၌ စေတီပေါက်ထား၏။ ဖိနပ်တော်မှ ငှက်မြတ်နားအထိ ဉာဏ်တော် ပေတစ်ရာ့ရှစ်ဆယ်ခန့် ရှိလေသည်။ ဗိသုကာလက်ရာအားဖြင့်သော် ခံ့ညားလှပေသည်။

မုခ်ဝင်သည် စုလစ်တုရင်တို့ဖြင့် တင့်တယ်၏။ အတွင်းဝင်သော်အာရုံခံနှင့် ဂန္ဓကုဋိသို့ ရောက်လိမ့်မည်။ ဂန္ဓကုဋိပတ်လည်တွင် ရုပ်ပွားဆင်းတုများရှိလေသည်။

နံရံနှစ်ဖက်မှ ကျဉ်းမြောင်းသောလှေကား နှစ်သွယ်ဖြင့် အထက်ထပ်သို့ တက်ရောက်နိုင်လေသည်။ ထိုအထပ်တွင်လည်း ရုပ်ပွားဆင်းတုများ ရှိလေသည်။ ထိုအထပ်မှ ပုဂံရှုခင်းကို ကြည်ညို့နှစ်သက်ဖွယ်ရာ မြင်နိုင်လေသည်။

၁၉၇၅ ခုနှစ်တွင် ထိုဂူဘုရားသည် ငလျင်ဒဏ် ခံခဲ့ရ၏။ ယခုအခါ သက်ဆိုင်ရာတို့က ပြင်ဆင်ထား ပြီးဖြစ်လေသည်။



ကွမ်းတောင်နှင့် ထောင့်စေတီ



www.burmeseclassic.com

www.burmeseclassic.com




## မဟာဗောဓိ

**မဟာဗောဓိ**သည် ထီးလိုမင်းလို (၁၂၁၁- ၁၂၃၄?) ၏ ကောင်းမှုတော်ဖြစ်သည်ဟု ဆိုကြလေ သည်။ ပုံစံမှာ ဗုဒ္ဓမြတ်စွာဘုရားပွင့်ရာ ဗုဒ္ဓဂယာရှိ မဟာဗောဓိ ဂူဘုရားနှင့် ဆင်၏။

ဗုဒ္ဓဂယာဒေသကို မြန်မာမင်းတို့သည် ကြည်ညို လေးမြတ်ကြလေသည်။ ပမာအားဖြင့် ကျန်စစ်သား မင်းသည် ဗုဒ္ဓဂယာ၌ ပျက်စီးယိုယွင်းနေသည်များကို တမန်လွှတ်၍ ပြင်ဆင်စေခဲ့ဖူး၏။ ထို့ပြင် ကုသိုလ်ရှင် တစ်ဦးသည် ဗုဒ္ဓဂယာမှ ဗောဓိညောင်စေ့ကို သယ် ဆောင်စေကာ ပုဂံတွင် စိုက်ပျိုးစေခဲ့ဖူးလေသည်။

ပုဂံရှိ မဟာဗောဓိ ဂူဘုရားသည် ဗုဒ္ဓဂယာမှ ပုံစံကို ယူသော်လည်း အသေးစိတ်တွင်ကား မတူ။ ဗုဒ္ဓဂယာရှိ ဂူသည်နိမ့်၍ ထိုအထက်တွင် ကွမ်းတောင် (သိခရ)သည် ကဲမိုးနေ၏။ ထို့ပြင် အိန္ဒိယနည်း အတိုင်း ကွမ်းတောင်ထက်တွင် ဖရုံတုံး (အာမလကာ) ဖောင်းရစ် (ဆတ္တာဝလိ)စသော အဆင်တန်ဆာများ ရှိသည်။

ပုဂံရှိ ဂူဘုရားမှာမူ ဂူသည် အတန်မြင့်၍ ကွမ်း တောင်မှာ အနေတော်ဖြစ်သည်။ တစ်ဖန် ကွမ်းတောင် ထိပ်၌ စေတီပေါက်ထားသည်ကို ယခုအခါ မြင်တွေ့ နေရသည်။



ကွမ်းတောင်မုခ်ကပ်


မည်သို့ပင်ဖြစ်စေ ဂူဘုရား နှစ်ဆူစလုံး၏ ကွမ်းတောင်များ၌ ရုပ်ပွားဆင်းတုငယ်များ ကိန်းဝပ်ရန် မုခ်ကပ်အချိုင့်များ စီမံထားခြင်းမှာ အတော်အတန် တူလေသည်။

ဂူအတွင်းသို့ ဝင်လိုက်သော် တင်ပျဉ်ခွေရုပ်ပွား ဆင်းတုကြီး တစ်ဆူကို ဖူးမြင်ရလိမ့်မည်။ လှိုဏ်ဂူကား ငယ်ဖြင့် အထက်ထပ်တက်သော် အခြားတူရုပ်ပွား ဆင်းတုကို ဖူးမြင်ရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



## ဘူးဘုရား

**ဘူးဘုရား**သည် ပုဂံမြို့ ဧရာဝတီမြစ်ကမ်းနဖူး၌ တည်ရှိနေ၍ မြစ်ပြင်နှင့် အလွန်ပနံရ၏။

ထိုဘုရားတွင် အာလိန်အဆင့်ဆင့်ကို စိန်တောင်များဖြင့် တန်ဆာဆင်ထားသည်။ စေတီကိုယ်ထည်မှာ သပိတ်မှောက်ပုံ ဖြစ်၏။ ထိုအထက်တွင်ကား စေတီပေါက်ထားလေသည်။ ဤတွင် စေတီကိုယ်ထည်မှာ သရေခေတ္တရာရှိ ဘောဘောကြီးစေတီ၊ ပုဂံရှိ ငကျွဲနားတောင်းစေတီဆန်ဆန် ပုံသဏ္ဌာန်ဖြစ်ရာ ရှေးကျသည်ဟု ဆိုရပေမည်။ သို့ရာတွင် ရှေးခေတ်အဆက်ဆက်တွင်လည်းကောင်း၊ ၁၉၇၅ ခုနှစ် ငလျင်ဒဏ်ခံရပြီးသည့်နောက်ပိုင်းတွင်လည်းကောင်း ပြန်လည်ပြင်ဆင်ထား၏။

ထိုဘုရားသည် ပျူစောထီးပုံပြင်နှင့် ဆက်စပ်နေ၏။ ပုဂံခေတ်ဦးကာလတွင် ထီးလိုင်ကာငှက်ကြီး၊ ကျားကြီး၊ ဝက်ကြီး၊ ရှူးပျံကြီး၊ ဘူးပင်တို့သည် ပုဂံပြည်၌ အနှောင့်အယှက်ပေးလျက် ရှိ၏။ အထူးသဖြင့် ဘူးပင်တို့မှာ လူတို့နှိမ်နှင်း ဖြိုဖျက်၍ မရ၊ တိုးပွား၍သာနေ၏။ ထိုအခါ အာဒိစ္စဝံသ မျိုးနွယ် ပျူစောထီးမင်းသားက (အခြား ရန်သူကြီးများအပြင်) ဘူးပင်တို့ကို နှိမ်နှင်းနိုင်ခဲ့လေသည်။ ဤသည်ကို အထိမ်းအမှတ်ပြု၍ ဘူးဘုရား တည်ခဲ့လေသည်ဟူ၏။


ဆက်စပ်ဖော်ပြရသော် သမီးဝှက်ဥမင်နှင့် မြားသဥမင် တို့မှာလည်း ပျူစောထီး ပုံပြင်နှင့် ပတ်သက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# မြင်းကပါရွာတစ်ဝိုက်ရှိ စေတီပုထိုးများ






www.burmeseclassic.com

www.burmeseclassic.com



ဂူပြောက်ကြီး (မြင်းကပါ)

ပုဂံတွင် ဂူပြောက်ကြီး နှစ်ဆူရှိသည်။ ဝက်ကြီးအင်းအရပ်ရှိ ဂူဘုရားကို ဝက်ကြီးအင်းဂူပြောက်ကြီးဟုခေါ်ကြပြီး မြင်းကပါအရပ်ရှိ ဂူဘုရားကို မြင်းကပါဂူပြောက်ကြီးဟု ခွဲခြားခေါ်ကြသည်။ ဤဂူပြောက်ကြီးလိုဏ်ဂူဘုရားကို ၁၁၁၃ ခုနှစ်၌ ကျန်စစ်သားမင်းကြီးနှင့် တိလောကဝင့်သကာဒေဝီ၏ သားရာဇကုမာရ်က တည်ထားသည်။ ကျန်စစ်သားမင်းကြီး မမာမကျန်း ဖြစ်၍ သေအံ့မူးမူးအချိန်တွင် ခမည်းတော်အတွက် ရည်စူးပြီး ကုသိုလ်တော်ပွား ရွှေဆင်းတုသွန်းလုပ်ကာ ဂူဘုရား၌ပနာ၍ မင်းကြီးအား သာဓုခေါ်စေသည်။ ကျွန်သုံးရွာကိုလည်း ဘုရားမှာလှူသည်။ ဤကောင်းမှု ကို ပျူ၊ မွန်၊ ပါဠိ၊ မြန်မာဘာသာဖြင့် လေးမျက်နှာပါ ကျောက်စာနှစ်တိုင်ကို ရေးထိုးထားခဲ့သည်။ ထိုကျောက်စာတိုင်များကို မြစေတီဘုရားအနီးမှာ တွေ့ သဖြင့် ရေးက မြစေတီကျောက်စာဟူ၍ တွင်ခဲ့သည်။ ယခုအခါ အချို့က ရာဇကုမာရ် ကျောက်စာဟု လည်းကောင်း၊ ဂူပြောက်ကြီး ကျောက်စာဟု လည်းကောင်း ခေါ်ကြသည်။ ကျောက်စာအငယ် တစ်တိုင်မှာ ပုဂံပြတိုက်တွင် ထားရှိ၍ အကြီးတစ်တိုင် မှာ ကျိုးပဲ့လျက်ရှိပြီး ဆက်စပ်ကာ မြစေတီဘုရား အနီး၌ စောင့်ရှောက်ထားလေသည်။ ဘာသာလေးမျိုး နှင့် ရေးထိုးထားသဖြင့် စာပေနှင့်သမိုင်းအတွက်အထူး အရေးပါသည်။ ဤကျောက်စာပါ ပျူစာများသည် အရှည်ဆုံးဟု ဆိုရမည်။ ပျူစာကို အဓိပ္ပာယ်ဖော်နိုင်ရန် ကြိုးစားခဲ့သော ဒေါက်တာ စီ၊ အို၊ ဗလက်ဒင်သည် ဤကျောက်စာ၏ အကူအညီဖြင့် ၁၉၁၁ ခုနှစ်တွင် အောင်မြင်စွာ အဓိပ္ပာယ်ဖော်နိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူပြောက်ကြီး ကျောက်စာ

ဂူပြောက်ကြီး လိုဏ်ဂူဘုရားသည် ပုဂံခေတ်ဦး ရှေးလက်ရာတစ်ဆူ ဖြစ်သည်။ အရှေ့ဘက် အာရုံခံ မုခ်လှည့်ဖြစ်ပြီး တိုက်မမှာ လေးထောင့်ကျကျဖြစ်သည်။ အဆောက်အအုံတွင် ဆင်ခြေလျှော အုတ်အမိုး များနှင့် ပစ္စယာများ ပါသည်။ ကွမ်းတောင်ပတ်လည် လေးမျက်နှာတွင် လေးထောင့် ဖောင်းပြားများဖော်၍ လည်းကောင်း၊ ကြက်လျှာတွင် လိုဏ်မုခ်သုံးခုဖော်၍ လည်းကောင်း တည်ထားသည်။ ဤဂူဘုရားမှ အင်္ဂတေပန်းတော့များသည် လက်ရာကောင်းတစ်ခု ဖြစ်သည်။ ဂူတွင်း၌ အလင်းရောင်ရန် ကျောက်ဆစ် မှန်ကူကွက် လေသာပြတင်းများကို ဖောက်လုပ် ထားလေသည်။

ဂူအတွင်းပိုင်း၌ ဆင်းတုတော်တစ်ဆူ ရှိသည်။ မုခ်ခုံး စင်္ကြံပတ်လည်တွင်လည်း ပန်းတမော့ကျောက်ဆစ်လက်ရာ ဆင်းတုတော်များ ရှိသည်။ ခန်းမအဝင်ဘေးနံရံ တစ်ဖက်တစ်ချက်တွင် လက် များစွာပါသော နတ်ရုပ်များ ရှိသည်။ ထို့နောက် ပုဂံခေတ်ရောင်စုံဆေးရေး ပန်းချီများကိုလည်း တွေ့နိုင်သည်။ ဆေးရောင်များမှာ အပြာနုရောင်၊ ပန်းရောင်၊ အနီရင့်ကြက်သွေး စသည်တို့ စုံလင် လေသည်။

ပန်းချီကားများတွင် ဗုဒ္ဓဝင် ဗဟုသုတရနိုင်သည့် အကြောင်းအရာများ ပါရှိသည်။ ဝိမာနဝတ္ထုလာ နတ်ပြည်ဘုံခန်းများကိုလည်း တွေ့ရသည်။ ရှေးဟောင်းမွန်ဘာသာဖြင့် မင်စာ ရေးထိုးထားသည်။ ဤဘုရားအတွင်းမှ ပန်းချီများကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ဓာတုဗေဒနည်းများဖြင့် သန့်စင် ထိန်းသိမ်းလျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်းကပါ

**မြင်းကပါ**ရွာ မြင်းကပါချောင်းအနီး၌ မြင်းကပါ စေတီတော်ရှိသည်။ ကွမ်းဆော် ကျောင်ဖြူမင်း ၏သားများဖြစ်သော နောင်တော် စုက္ကတေးနှင့် အနော်ရထာတို့ မြင်းစီးချင်းထိုးရာ အောင်နိုင်သည့် အထိမ်းအမှတ်ဖြင့် အနော်ရထာမင်းက စေတီတည် ခဲ့ကြောင်း အမှတ်အသား ရှိလေသည်။ ထိုနေရာ၌ စုက္ကတေးရှုံးပြီး ချောင်းရေတွင် မြင်းကပါ မျောပါသွား သည်ဟုဆိုကြသည်။

ဤစေတီသည် ရှေးကျသည်။ ဗိသုကာလက်ရာမှာ ပုဂံခေတ် မြေစိုက်စေတီများတွင် ထူးခြားသည်။ မြင်းကပါ စေတီပုံသည် ရိုးရိုးရှင်းရှင်း ဖြစ်သည်။ ပစ္စယာများ၊ ခေါင်းလောင်းပုံ၊ ခါးပတ်၊ ဖောင်းရစ်နှင့် ထိပ်ဖူးတို့တွင် အဆင်တန်ဆာများ မပါသေးဘဲ တည်ထားသည်ကို တွေ့ရသည်။ အနော်ရထာမင်း ၏ ရွှေဆံတော်ထက် ရှေးကျဟန် ရှိ၍ ပစ္စယာများသည် ရွှေဆံတော်မှာကဲ့သို့ မမြင့်၊ ဆင်ခြေလျှောလည်း မဟုတ်ချေ။ မြင်းကပါ စေတီ သည် အောက်ခြေနိမ့်ပြီး ဝန်းဝိုင်းသည်။ ထူးခြားသော ပုံကို ဆောင်သည်။




www.burmeseclassic.com

www.burmeseclassic.com



မနူဟာ



မြင်းကပါရွာ၌ သထုံပြည့်ရှင် ဘုရင်မနူဟာမင်းက ဂူဘုရားတစ်ခု တည်ထားသည်။ ဂူဘုရားတည်ရန် မနူဟာမင်းသည် မနောမယကျောက်မျက်ရွဲကို မြင်းကပါသူဌေးထံ ရောင်းရာ ငွေလှည်းခြောက်စီးတိုက်ရသည်။ ထိုငွေဖြင့် သီရိဇေယျာဘုံမည်သောကုန်းကို ရှင်းလင်းပြင်ဆင်၍ ကုလားကျောင်းခံလိုဏ်ဂူဘုရားတည်သည်။ လိုဏ်ဂူမှာ စတုရန်းပုံနှစ်ထပ် ဆောက်ထားပြီး အပေါ်ထပ်လိုဏ်သည် အောက်ထပ်ထက်ငယ်သည်။ ပစ္စယာများအထက်၌ ဗောဓိပက္ခိယ တရား ၃၇ ပါးကိုရည်၍ စေတီငယ် ၃၇ ဆူ တည် သည်ဟု ယူဆကြလေသည်။ အရှေ့အာရုံခံတွင် ဘူမိဖဿမုဒြာ အနေအထားဖြင့် တင်ပျဉ်ခွေ ဆင်းတု တော်ကြီးတစ်ဆူနှင့် ဘေးတစ်ဖက်တစ်ချက်တွင် အရန်ဆင်းတု တစ်ဆူစီရှိ၍ ဂူပြည့်လုနီး ဖြစ်သည်။ လိုဏ်အနောက်ဘက်တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုဟန် လျောင်းတော်မူကို ကျဉ်းကျဉ်းကျပ်ကျပ် ဖူးရသည်။ ဤဘုရားကို တည်ထားသော မနူဟာမင်းသည်

"ငါသည် သံသရာဝယ် ကျင်လည်သရွေ့ သူ့
နိုင်မည်ကို မဖြစ်လို"

ဟူ၍ ဆုတောင်းသွားကြောင်း သမိုင်းတွင် တွေ့ရလေသည်။




www.burmeseclassic.com

www.burmeseclassic.com



## နန်းဘုရား

နန်းဘုရားအဆောက်အအုံသည် သထုံပြည့်ရှင် မနူဟာမင်း နန်းကျဘုရင်အဖြစ် နေထိုင်ခဲ့သော နန်းတော်ဖြစ်သောကြောင့် နန်းဘုရားဟု ခေါ်သည် ဟူ၍လည်းကောင်း၊ မနူဟာမင်း နန်းကျဘုရင်ဘဝ နေထိုင်ခဲ့ရာ နန်းတော်နေရာတွင် ဘုရင်နရပတိစည်သူ (၁၁၇၄-၁၂၁၁) လက်ထက် မနူဟာမင်း၏ မြစ်တော် နာဂသမန်းနှင့် နရပတိစည်သူမင်း၏ သမီးတော် ရွှေအိမ်သည်တို့က တည်ထားခဲ့သော အဆောက်အအုံ နန်းဘုရားဖြစ်သည်ဟူ၍လည်းကောင်း အဆိုနှစ်ရပ် ရှိလေသည်။




ကြာပန်းခိုင်



www.burmeseclassic.com

www.burmeseclassic.com






ကနုတ်ပန်းများ

ပြဟ္မာရုပ်

နန်းဘုရား၏ ဗိသုကာလက်ရာသည် (၁၂) ရာစု လက်ရာမဟုတ်။ (၁၁) ရာစု လက်ရာ ဖြစ်သည်ဟု ဆိုသည်။ အကြောင်းမှာ ပုဂံ ရှေးဗိသုကာ လက်ရာများ ဖြစ်သော လေးထောင့်ပန္နက်ပုံအတွင်း လိုဏ်ထားပုံ၊ အရှေ့မျက်နှာတွင် အာရုံခံပေါင်းကူးထားပုံများကြောင့် ဖြစ်လေသည်။ မြေအုတ်များဖြင့် သာမက ကျောက်အုတ်များဖြင့် စီမံဆောက်လုပ်ထားသည်မှာ ထူးခြားမှုတစ်ရပ် ဖြစ်လေသည်။ ပြတင်းများတွင် ကျောက်ဆစ်ပန်းကွက် အပေါက်များဖောက်ကာ လှပစွာ ထုလုပ်ထားသည်။ တံခါးများရှိ ပေါင်းကူး တံကဲများမှာ ထူးခြားသော ကျောက်ဆစ်လက်ရာများ ဖြစ်သည်။ ခန်းမအတွင်း၌ လည်းကျောက်အုတ်တိုင်ကြီး လေးတိုင်ဖြင့် ပေါင်းကူး စကြံ ပြုလုပ်ထားသည်။ ကျောက်အုတ်တိုင်ကြီးများတွင် သုံးမြောင့်ပုံ ကနုတ်ပန်း များ၊ ကြာပန်းကိုင်ဆောင်ထား သော မျက်နှာသုံးဖက်ရှိ ဗြဟ္မာကြီးများ၊ ကြာပန်းပေါ် ဘယ်ဒူးထောင်ကာ ထိုင်နေသော ဗြဟ္မာကြီးများ၏ပုံ ထွင်းထုထားသည်။ ပန်းတော့ ကျောက်ဆစ်လက်ရာတွင် ကြာရိုး၊ ကြာခွက်၊ ကြာပန်း၊ ပုလဲကုံး၊ ပုလဲလုံး၊ ဘီလူးပန်းဆွဲ၊ ဟင်္သာရုပ် များတွေ့ရသည်။ ပုဂံခေတ် ကလသာအိုးများ၊ စုလစ် တံကဲပန်း ကျောက်ဆစ် လက်ရာများလည်း တွေ့ရ သည်။ နန်းဘုရားသို့ အပြင်မှ ပတ်ကြည့်ပါက ဆန်းပြားသော အနုပညာလက်ရာများ တွေ့ရမည် ဖြစ်လေသည်။



ဟာပေါက်ပြတင်း

www.burmeseclassic.com



အပယ်ရတနာ

စောလူးမင်း (၁၀၇၇-၁၀၈၄)က ကျန်စစ်သားကို မျက်သဖြင့် ထွက်ပြေးတိမ်းရှောင်နေသည့်အခါ ချစ်သူအပယ်ရတနာလာ၍ စောင့်နေကျနေရာတွင် ကျန်စစ်သားမင်း (၁၀၈၄-၁၁၁၃)က ဘုရားတစ်ဆူ တည်ထားသည်။ ထို့ကြောင့် အပယ်ရတနာ အမည်တွင်ရစ်သည်ဟု ဆိုကြလေသည်။ နောက်ပိုင်းတွင် ရေးသည့် မင်စာတစ်ခုတွင်မူ ထိုဂူဘုရားကို အပယ်ရတနာကိုယ်တိုင် တည်သည်ဟု တွေ့ရလေသည်။

အပယ်ရတနာသည် နဂါးရုံနှင့် မဝေးလှ။ နဂါးရုံမှာကဲ့သို့ပင် ဂူအထက် အမိုးထောင့်စေတီများ၊ ပစ္စယာအဆင့်များ၊ ဆင်ခြေလျှော အမိုးများရှိသည်။ ခေါင်းလောင်းပုံနှင့် သပိတ်မှောက်အထက်၌ ဖရုံတုံးခံပြီး ဖောင်းရစ်တက်သည်။ ကလသာအိုးသဏ္ဍာန်ထောင့်စေတီငယ်များ ရှိသည်။ နဂါးရုံမှာကဲ့သို့



နတ်သမီးခရာမှုတ်ပူဇော်နေပုံ



www.burmeseclassic.com

www.burmeseclassic.com



**မယ်တော်မာယာဝမ်းကြောတိုက်တွင် ဘုရားလောင်းသန္ဓေတည်ဟန်**

ကွမ်းတောင်မရှိချေ။ ဤဂူဘုရားမှာ ထူပါပုံပေါက်ဂူဘုရား ဖြစ်သည်။ မြောက်ဘက်မျက်နှာပြုနေသော အာရုံခံခန်းမ၌ မုခ်ပေါက် သုံးခုရှိသည်။ ယင်းမှတစ်ဆင့် ဘုရားဆောင်တိုက်မသို့ ဝင်ရသည်။ လိုဏ်ဂူပတ်လည်တွင် ကျောက်အုတ်ပြတင်းများ၌ မုခ်တံကဲများဖြင့် တင့်တယ်လှပစွာ တည်ထားလေသည်။

ဗောဓိသတ္တဘုရားလောင်း



www.burmeseclassic.com

www.burmeseclassic.com



မဟာပိန္နဲ

လိုဏ်ဂူအတွင်း ခန်းမ၌ ဘူမိဖဿမုဒြာ အနေအထားဖြင့် အုတ်ဆင်းတုတော်တစ်ဆူ ရှိသည်။ အပယ်ရတနာအတွင်း၌ အာရုံခံနှင့် ပတ်လည်စကြံ မုခ်ခုံးနံရံများ တည်ဖွဲ့ပုံမှာ ဆန်းကြယ်သည်။ နံရံတစ်ဖက်ရှိ ပြတင်းသုံးပေါက်မှ အလင်းရောင်မှိန်မှိန်ရသဖြင့် နံရံဆေးရေးပန်းချီများကို မြင်နိုင်သည်။ ဤဂူဘုရားမှ ဆေးရေးပန်းချီများတွင် ဗောဓိသတ္တဘုရားလောင်းဖြစ်သော လောကနာထ ဟူ၍လည်းခေါ်သော အဝလောကိတေသွရ၏ပုံကို ရေးဆွဲထားသည်။ ဘုရားလောင်းသည် လက်ဝဲလက်တွင် ကြာပန်းတစ်ခုကိုကိုင်လျက် လက်ယာလက်သည် ဝရဒမုဒြာ အနေအထားဖြင့် လက်ဝါးကိုဖြန့်လျက် ကြာပွင့်ချပ်တစ်ခုပေါ်တွင် ထိုင်နေလေသည်။ ဗုဒ္ဓပုံများသာမက မဟာယာနဗုဒ္ဓဘာသာဆိုင်ရာ ရသေ့ပုံ၊ နတ်**အမျိုးမျိုးပုံ၊** ပြဟ္မာ၊ သီဝ၊ ဗိဿနိုးနှင့် အခြား ပြဟ္မဏ**အယူဝါဒ ဆိုင်ရာ** ပုံများကိုလည်း တွေ့ရသည်။ ရှေးဟောင်း **မွန်မင်စာ**နှင့် ဗုဒ္ဓဝင်ဇာတ်ကွက်ပုံများကိုလည်း အရှေ့ **ဘက်ဆောင်၌** တွေ့နိုင်လေသည်။ အပယ်ရတနာ၏ ထူး**ခြားချက်**တစ်ခုမှာ မဟာယာန၊ ပြဟ္မဏအယူဝါဒ များဆိုင်ရာ နံရံဆေးရေး ပန်းချီများကို အခြားဂူဘုရား တို့ထက်ပို၍ တွေ့ရခြင်းပင်ဖြစ်လေသည်။

ခြင်္သေ့စီးနတ်





www.burmeseclassic.com

www.burmeseclassic.com



နဂါးရုံ

**နဂါးရုံ** လိုဏ်ဂူဘုရားသည် ကျန်စစ်သားမင်း (၁၀၈၄-၁၁၁၃)၏ ခေတ်ဦးပိုင်း ကောင်းမှုကုသိုလ် ဖြစ်သည်။ အတန်ငယ်ကျယ်ဝန်းသော တံတိုင်း အတွင်း၌ တည်ထားသည်။ အမိုးများသည် ဆင်ခြေလျှောဖြစ်၍ ယင်းအထက်၌ ပစ္စယာများ ဆင့်ထားသည်။ ပစ္စယာထောင့်များ၌ စေတီငယ်များ ရှိသည်။ အထက်ပစ္စယာအပေါ်တွင် ကွမ်းတောင်နှင့်အထွတ် တင်ထားသည်။ ပုံစံမှာ အာနန္ဒာလိုဏ်ဂူဘုရားနှင့် အနည်းငယ် ဆင်သည်။



ခရုသင်းနှင့် အကပန်းချီလက်ရာ



www.burmeseclassic.com

www.burmeseclassic.com

လိုဏ်ဂူတံတိုင်း လေးမျက်နှာတွင် မုခ်ဆောင် တစ်ခုစီရှိ၍ မုခ်ဆောင်အထက်၌ စေတီငယ်များ ပေါက်ထားသည်။ ထိုသို့ ဆောက်လုပ်ရာတွင် သစ်သား ထုပ်တန်းကြီးများ အောက်ကခံ၍ ဆောက်ထားသည်။ အချို့သော သစ်သားတန်းကြီးများသည် ကျန်စစ်သား မင်းလက်ထက်က သစ်သားများဟူ၍ ယူဆရပေသည်။ တစ်ဖန် မုခ်အဝင် ဝဲယာတို့၌ ချိုင့်ဝင်သော အခန်း များပါရှိရာ ထိုနေရာများသည် ရှေးက ဒွါရပါလနတ်ရုပ် များရှိခဲ့ဟန်တူသည်။ ယခုမူ မတွေ့ရတော့ချေ။ မုခ် ဆောင်အတွင်း အင်္ဂတေတို့တွင် ရှေးက ဆေးရေး ပန်းချီလက်ရာ အကြွင်းအကျန်များ မှေးမှိန်လျက် ရှိသည်ကိုတွေ့နိုင်လေသည်။

တံခါးစောင့်နတ်ရုပ်နှစ်ခု ရှိသည်။ ယခုအခါ အနည်းငယ် ပျက်စီးနေလေပြီ။ ဘုရားခန်းတွင် နဂါးရုံအဘယမုဒြာ အနေအထားဖြင့် ဗုဒ္ဓမတ်ရပ်ရုပ်ပွားဆင်းတုတော်ကြီး ရှိသည်။ ဘေးဝဲယာတွင်လည်း မတ်ရပ်ဓမ္မစကြာ မုဒြာအနေအထားဖြင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူကို တွေ့နိုင်လေသည်။ အာရုံခံခန်းမနှင့် ဘုရားခန်းတို့ အထက်ရှိ သစ်သားထုပ်တန်းကြီးတွင်လည်း ပုဂံခေတ် ပန်းပုလက်ရာများ တွေ့ရသည်။ ဘုရားခန်းရှိ ရှေးပုဂံ ခေတ်ဆေးရေးပန်းချီတို့သည်ကား အတော်ပျက်စီး လျက်ရှိသည်။



ပန်းချီလက်ရာ

နဂါးရုံဘုရားကို မြောက်ဘက်မုခ်မှ ဝင်နိုင်သည်။ ဂူဘုရား၏ ဘေးတိုက်မြင်ရပုံသည် အချိုးအစား အလွန် ပြေပြစ်ကျနသည်။ ပြတင်းပေါက်၊ မုခ်တံကဲ၊ အမိုးစွန်း၊ စိန်တောင် အင်္ဂတေပန်းတို့နှင့် စဥ့်စိမ်းသုတ်အုတ်ချပ် တို့သည် အလွန်လှပလေသည်။ စဥ့်စိမ်းသုတ်အုတ် ချပ်များကို ဂူဘုရားအခြေ ရင်ပြင်၌လည်း ခင်းထားရာ အချို့ကို မြင်နိုင်လေသည်။

ဂူအတွင်းသို့ မြောက်ဘက်မုခ်ပေါက်မှ ဝင်ရ သည်။ ဝင်ပေါက်ကြီးအပေါ်၌ သစ်သားတန်းကြီးရှိ၍ ပုဂံခေတ် ပန်းပုလက်ရာများကို ထူးခြားစွာတွေ့နိုင် သည်။ ဂူအတွင်း၌ အာရုံခံဆောင်နှင့် ဘုရားခန်းရှိသည်။ အတွင်းဝင်ပေါက် ဝဲယာတွင် ပုဂံခေတ် ဒွါရပါလ


ဂူအတွင်း အရှေ့ဘက်နံရံရှိ မုခ်ကပ်ချိုင့်များတွင် ဗုဒ္ဓဝင်ကျောက်ဆစ်လက်ရာများကို တွေ့နိုင်သည်။ မယ်တော်မာယာ အိပ်မက်ခန်း၊ ဘုရားလောင်း ရွှေခွက် မျှောခန်း၊ မြတ်စွာဘုရား တာဝတိံသာမှ ပြန်ကြွဆင်းခန်း၊ တရားဟောခန်း၊ ပလလဲတော၌ သီတင်းသုံးခန်း၊ ပရိနိဗ္ဗာန်ပြုခန်းတို့ ဖြစ်လေသည်။

နဂါးရုံဘုရားဂူအတွင်း၌ စကြံပတ်လမ်း ရှိသည်။ ဝဲယာနံရံရှိ မုခ်ကပ်ချိုင့်များ၌ ပုဂံခေတ်ကျောက်ဆစ် လက်ရာများ တွေ့ရသည်။ အတွင်းနံရံများနှင့် ပေါင်းကူး များ၊ မုခ်ခုံးများ၌ ဗုဒ္ဓဝင်ဆိုင်ရာ နံရံပန်းချီများရှိ၍ ပါဠိ ဘာသာ၊ မွန်ဘာသာတို့ဖြင့် ဖော်ပြထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပေါ်တော်မူ


ရှေးက ပုထိုးစေတီများ တည်ကြရာတွင် စေတီငယ်များကို အပေါ်မှ ထပ်မံ၍ စေတီတည်သော ဓလေ့တစ်ခု ထွန်းကားခဲ့လေသည်။ ပုဂံ၌ နဂါးရုံဘုရား အနီးတွင် ဤသို့ ပုထိုးစေတီငယ်ကို မျှော်၍ပြီး တည်ထားရာ မသမာသူများက ဌာပနာကို ဖောက်သဖြင့် အတွင်းမှ ပုဂံခေတ် လက်ရာအတိုင်း ပုထိုးစေတီ ပေါ်လာသည်။ ယင်းကို "ပေါ်တော်မူဘုရား"ဟူ၍ ခေါ်ဝေါ်ကြလေသည်။

ဤပုထိုးစေတီငယ်သည် သီဟိုဠ်ပုံအတိုင်း အထက်သို့ အရစ်အရစ် ချွန်တက်မသွားဘဲ ရိုးရိုးထောင့်များဖြင့် တက်သွားသည်။ စေတီ၌ အနားခြောက်မြောင့်ရှိ ပစ္စယာသုံးဆင့် ခံထားသည်။ ထို အထက်၌ ရှစ်မြောင့် ဖောင်းရစ်များနှင့် ခေါင်းလောင်းပုံ ရှိသည်။ ခေါင်းလောင်းပုံအထက်၌ စတုရန်းအခြေမှ ထိပ်သို့ ချွန်တက်သွားကာ ကြာလန်၊ ငှက်ပျောဖူး တို့ဖြင့် တန်ဆာဆင်ထားသည်။ ဤစေတီသည် (၁၁) ရာစု ဗိသုကာလက်ရာဖြစ်သည်ဟု ဆိုကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## စိုးမင်းကြီးကျောင်း

ပုဂံခေတ်တွင် ဗုဒ္ဓဆိုင်ရာ ပုထိုးစေတီဂူဘုရားများနှင့် ဓမ္မဆိုင်ရာ ပိဋကတ်တိုက်များ၊ သံဃဆိုင်ရာကျောင်းများကို ဆောက်လုပ်လှူဒါန်းခဲ့ကြလေသည်။ ရဟန်း၊ သံဃာတော်များအတွက် ဥတုသုံးလီပျော်ပိုက် သီတင်းသုံးနေထိုင်ရန် အရိပ်အာဝါသနှင့် ပြည့်စုံသော ကျောင်းများကို သစ်သားဖြင့်လည်းကောင်း၊ အုတ်အင်္ဂတေတို့ဖြင့်လည်းကောင်း ဆောက်လုပ်ခဲ့ကြသည်။ အုတ်နှင့်ဆောက်သောကျောင်းကို ကုလားကျောင်း ခေါ်၍ ထိုအုတ်အဆောက်အအုံများကိုသာ ပုဂံ၌ တွေ့ရတော့သည်။

ယင်း ကုလားကျောင်းများတွင် ပုံစံသုံးမျိုး ကွဲပြားသည်။

ပုံစံ - ၁ ။ ။ လေးထောင့်ပန္နက်ရှိ၊ အုတ်နှစ်ထပ်တိုက်အတွင်း ဗဟို၌ အုတ်ခန်းကျဉ်းကျဉ်း ပါသည်။

ပုံစံ - ၂ ။ ။ အနည်းငယ် ထူးခြားလာသည်။ လေးထောင့်ပန္နက်။ အလယ်ဗဟို ခန်းမ၏ ဘေးသုံးဖက်၌ အခန်းငယ်များနှင့် စင်္ကြံလမ်း ရှိသည်။

ပုံစံ - ၃ ။ ။ ပို၍ ထူးခြားလာသည်။ စတုရန်းပုံ သို့မဟုတ် စတုဂံပုံ ပန္နက်။ အတွင်း၌ ကျယ်ဝန်းသည့် ခန်းမရှိ၍ ဗဟိုခန်းမကို အခန်းကျဉ်းကလေးများ ပတ်ရံနေ၏။

စိုးမင်းကြီးကျောင်း ပုံစံသည် တတိယပုံစံမျိုး ဖြစ်သည်။ ပန္နက်ပုံမှာ စတုရန်းဖြစ်သည်။ အရှေ့ဘက်၌ အာရုံခံခန်းမရှိ၍ အနောက်ဘက်၌ နှစ်ထပ်တိုက်ဘုရားဆောင်ရှိသည်။ အလယ်ဗဟို၌ ခန်းမကြီးရှိ၍ တောင်ဘက်မြောက်ဘက် တစ်လျှောက်တွင် အခန်းကျဉ်းကလေးများ ဖွဲ့ထားသည်။ အရှေ့တောင်ထောင့်တစ်နေရာတွင် အမိုးဆီသို့ တက်နိုင်သည့် လှေကားတစ်ခုရှိ၏။ အမိုးသည် သစ်သားဖြင့် ဆောက်လုပ်ထားပြီး ပြန့်နေဟန် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com




## စိမ်းညက်အစ်မ

**စိမ်းညက်ညီအစ်မ** ဘုရားများတွင် စိမ်းညက်အစ်မဘုရားသည် လိုဏ်ဂူဘုရားဖြစ်ပြီး ထိုဘုရား အနီးရှိ ညီမ ဘုရားသည်ကား စေတီဖြစ်လေသည်။ ဘုရားနှစ်ဆူစလုံး အုတ်တံတိုင်းတစ်ခုအတွင်းမှာရှိလေ၏။

၁၁ ရာစုက စိမ်းညက်မိဖုရား တည်ထားကိုးကွယ်ကြောင်း အစဉ်အလာဆိုခဲ့ကြသည်။ သို့သော် ဗိသုကာလက်ရာမှာမူ ၁၃ ရာစုလက်ရာဖြစ်တန်ရာသည်ဟုဆိုကြလေသည်။ ဂူဘုရားလေးမျက်နှာ၌ အဝင်မုခ်လေးခုရှိသည်။ အရှေ့မျက်နှာမုခ်သည် အဝင်အာရုံခံမုခ်ဖြစ်သည်။ ဂူဘုရားတွင် ပစ္စယာလေးဆင့်ပါ၏။ အောက်ဘက်ပစ္စယာ သုံးဆင့်၌ နတ်လေှကားများ တပ်ဆင်ထားသည်။ ပစ္စယာများအထက်တွင် ကွမ်းတောင် ရှိလေသည်။

မုခ်လေးခုစလုံးတွင် မုလင်သုံးခုစီဆင့်၍ တန်ဆာဆင်ထား၏။ စုလစ်များတွင် ရုပ်တု၊ ရုပ်ကြွများဖြင့် တန်ဆာဆင်ထားခဲ့သော်လည်း ယခုအခါ အတော်အတန်ပျက်စီးနေလေပြီ ဖြစ်သည်။ သို့သော် မူလအဆင်တန်ဆာ လက်ရာအနည်းငယ်ကားကြွင်းကျန်နေသေး၏။ အတွင်းတွင်စကြံပတ်လမ်းရှိပြီး နံရံများ၌ ငါးရာ့ငါးဆယ်ဇာတ်နှင့် ပန်းကနုတ်ဆေးရေးပန်းချီများရှိလေသည်။


ပန္နက်ပုံစံ





www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းပုံပတ်လည် မုခ်ကပ်

စိမ်းညက်ညီမ


**စိမ်းညက်ညီမ**ဘုရားသည် ထူးခြားသော စေတီဖြစ်သည်။ အောက်ခြေလေးထောင့်ဖြစ်၍ ပစ္စယာသုံးဆင့်ခပ်မြင့်မြင့် ရှိသည်။ ထိုအပေါ်၌ ခေါင်းလောင်းပုံစေတီ ရှိသည်။ အထက်သပိတ်မှောက်နှင့် ခါးပတ်၌ ဘီလူးပန်းဆွဲ အင်္ဂတေပန်း လက်ရာများရှိသည်။ ခေါင်းလောင်းပုံတွင် လေးမျက်နှာ၌ မုခ်ကပ်ငယ်လေးခုအတွင်း ဓမ္မစကြာမုဒြာ ဆင်းတုငယ်များ ရှိသည်။ ခေါင်းလောင်းပုံအထက်တွင် ဖရုံတုံးခံ၍ ဖောင်းရစ်အဆင့်ဆင့် တက်သွားသည်။ ပစ္စယာ ထောင့်များတွင် ကလသာအိုးသဏ္ဌာန် ထောင့်စေတီများ ရှိသည်။ ဒုတိယပစ္စယာမှ ထောင့်စေတီမျ ၁း၌ ခြသေ့်ရုပ်များဖြင့် တန်ဆာဆင်ထားသည်။ ဤပုထိုးစေတီလက်ရာသည် ထူးခြားသော လက်ရာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# သီရိပစ္စယာ ရွာတစ်ဝိုက်ရှိ စေတီပုထိုးများ







www.burmeseclassic.com

www.burmeseclassic.com



လောကနန္ဒာ



ခြေတော်ရာ

သီရိပစ္စယာရွာအနီး ရေဝတီမြစ်ကမ်းတစ် နေရာရှိ ကုန်းထိပ်တစ်ခု၌ တည်ထားသည့်စေတီကိုလောကနန္ဒာ ဟူ၍ခေါ်ကြသည်။ ဘုရားဒါယကာသည် အနော်ရထာမင်း (၁၀၄၄-၁၀၇၇)ဖြစ်ပြီး သီဟိုဠ်မှ ရသော စွယ်တော်ပွား ဓာတ်တော်တစ်ဆူကို ဌာပနာ ထားကြောင်းဆိုသည်။

သမိုင်းကြောင်းအရ သီဟိုဠ် ဘုရင်သည် အနော်ရထာမင်းအတွက် စွယ်တော်တစ်ဆူ ပို့ဆောင် ဆက်ကပ်စေရာ စွယ်တော်ပါလာသော သင်္ဘော ထိုဆိပ်ကမ်းအရောက်တွင် အနော်ရထာမင်းသည် ရေဝတီမြစ်တွင်း လည်ပင်းအထိ ရေနက်သော နေရာသို့ဆင်းပြီး စွယ်တော်မြတ်ပါ ကြုတ်ကို ဦးခေါင်းဖြင့်ရွက်၍ ပင့်ဆောင်လာခဲ့ကြောင်း၊ ထို စွယ်တော်ကို ရွှေစည်းခုံဘုရားတွင် အပူဇော်ခံထားစဉ် ကာလ၌ အနော်ရထာမင်းသည် စွယ်တော်ပွား စေကြောင်း အဓိဋ္ဌာန်ဆိုရာ စွယ်တော်လေးဆူ ပွားလာသည်တွင် စွယ်တော်တစ်ဆူကို မူလသင်္ဘော ဆိုက်ကပ်ရာအရပ်၌ ဌာပနာ၍ စေတီတည်ထား ကိုးကွယ်ခြင်းဖြစ်ကြောင်း သိရလေသည်။

စေတီတွင် အောက်ခံပန္နက်ရှစ်မြှောင့် အထက် ၌ ပစ္စယာသုံးဆင့် ပါရှိလေသည်။ ပထမပစ္စယာနှင့် ဒုတိယပစ္စယာ၏ လေးမျက်နှာတွင် နတ်လှေကားများ ပါရှိသည်။ ထိုအထက်ရှိ ခေါင်းလောင်းပုံသည် ရှည် သည်။ ထို့နောက် ဖောင်းရစ်များ အဆင့်ဆင့်တက် ထားသည်။ ထီးတော်မှာ နောက်ပိုင်းမှ ပြုပြင်ထားခြင်း ဖြစ်သည်။ စေတီပုံသည် ပုဂံခေတ်ဦးပိုင်း လက်ရာ ဖြစ်၍ နောက်ပြုပြင်သော လက်ရာများ ပါရှိနေသော် လည်း ထူးခြားမှုရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



### အနောက်ဖက်လိပ်ဘုရား

ဖက်လိပ်ဘုရား နှစ်ဆူရှိ၍ အရှေ့ဖက်လိပ်နှင့် အနောက်ဖက်လိပ်ဟူ၍ ခေါ်ကြသည်။ ဘုရားနှစ်ဆူ စလုံးကို ပူးပေါင်း၍ ရွှေဖက်လိပ်နှစ်ဆူဟုလည်း ခေါ်ကြလေသည်။ ဤဖက်လိပ်ဘုရားများသည် ပုဂံဘုရင် အနော်ရထာမင်း (၁၀၄၄-၁၀၇၇) လက်ထက် ၁၁ ရာစုတွင် တည်ဆောက်ခဲ့သည်ဟု ယူဆကြသည်။ ဘုရားနှစ်ဆူ၏ ပုံသဏ္ဍာန်သည် အတော်တူညီ၍ အရှေ့ဖက်လိပ်ဘုရား၏ စေတီလုံးပတ်နှင့် ဉာဏ်တော်တို့သည် အနည်းငယ် ပိုကြီးလေသည်။ ဘုရား၏ ပုံသဏ္ဍာန်သည် ရှေးခေတ် လူတို့နားတွင်ပန်သော ရွှေဖက်လိပ်နားတောင်းများပုံနှင့် ခပ်ဆင်ဆင်ဖြစ်သဖြင့် ဖက်လိပ်ဘုရား (ဝါ) ရွှေဖက်လိပ်ဘုရားဟု ခေါ်ခြင်း ဖြစ်သည်။




သုဝဏ္ဏသာမဇာတ်။ ၅၄၃

အနောက်ဖက်လိပ်ဘုရားကို အရှေ့ဘက်ဘုရား ထက် ပိုမိုစနစ်တကျ ထိန်းသိမ်းလာခဲ့ဟန် ရှိလေ သည်။ ခေါင်းလောင်းပုံ အထွတ်ပိုင်း၊ အလယ်ဖောင်းရစ်များ နှင့် အောက်ခြေပိုင်းသည် မပျက်မစီး ရှိသေးသည်။ ထူးခြားသော ခေါင်းလောင်းပုံအပိုင်းတွင် ဗုဒ္ဓဆင်းတုများ ထားရန် မုခ်ကပ်ငယ်များ ပါရှိလေ သည်။ အနောက်ဖက် လိပ်ဘုရားတွင် ခေါင်းလောင်းပုံ အထက်ရှိ သပိတ် မှောက်နေရာသည် ပျက်စီးလျက် ရှိပြီး အရှေ့ဖက်လိပ်



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဖက်လိပ်ဘုရား

တွင်မူ လေးထောင့်ထုပိကာပုံ ဌာပနာတိုက်ကို တွေ့ရသည်။ ထို ဌာပနာတိုက် အထက်၌ ဖောင်းရစ်များ အဆင့်ဆင့် တက်သွားသည်။ မူလက ဘုရားအောက် ခြေပတ်လည်တွင် ပေါင်းကူး စကြံပတ်လမ်းရှိပြီး အရှေ့ဘက်မျက်နှာတွင် ဝင်ပေါက် ရှိသည်။ ထိုကဲ့သို့ ဆောက်လုပ်ခြင်းမှာ (၅၅၀) ဇာတက ဇာတ်ခန်းများ သရုပ်ဖော် အုတ်ချပ်များ မပျက်စီးစေရန် အကာ အကွယ်ပေးခြင်းဟု ယူဆ ရလေသည်။ ဖက်လိပ်ဘုရား များမှ စဥ့်သုတ် မဟုတ် သည့် (၅၅၀) ဇာတ် ဖောင်းကြွ အုတ်ချပ်များသည် နောက်ပိုင်းတွင် ထုလုပ်သည့် အခြားဘုရားများရှိ စဥ့်သုတ်အုတ်ချပ် များထက် ပို၍ တိကျပြတ်သားကာ အသေးစိတ်ပေါ်လွင် ထင်ရှားလေ သည်။


ဖက်လိပ်ဘုရားမှ (၅၅၀) ဇာတက သရုပ်ဖော် အုတ်ချပ်များကို ၁၉၀၇ ခုနှစ်တွင် စတင်တွေ့ရှိ တူးဖော်ပြီး ပြန်လည်ပြင်ဆင်ခဲ့သည်။ မြေသားကို မီးဖုတ်သော ဖောင်းကြွအရုပ်များတွင် သိကြား၊ ဗြဟ္မာ၊ နတ်၊ ရက္ခစိုး၊ ရသေ့၊ မင်း၊ မင်းသား၊ မင်းသမီး၊ အမတ်၊ ငှက်တိရစ္ဆာန် အမျိုးမျိုး၊ မြွေ၊ နဂါး၊ သမ်ပင်၊ ဝေဟင်၊ မြစ်၊ ရေကန်စသည့် ပုံအမျိုးမျိုး ထုလုပ်သည့် ပညာရပ်သည် ထူးခြားလေသည်။ (၅၅၀) ဇာတ်ကွက် အပြည့်အစုံ၏ အုတ်ချပ်များကို ဤဘုရားများတွင် တွေ့ရသည်။ ပါဠိဇာတ်တော်၌ (၅၄၇) ဇာတ်သာ ရှိသည်။ တွေ့ရသော အုတ်ချပ်များတွင် ဝေဿမဇာတ် (၄၉၇) မဟာဂေါဝိန္ဒဇာတ် (၄၉၈)၊ သုမေဓပဏ္ဍိတဇာတ် (၄၉၉) တို့ကို ဖြည့်ထားကြောင်း တွေ့ရလေသည်။ အာနန္ဒာ လိုဏ်ဂူ၌ ဇာတ်ကွက် (၅၄၇) ခုသာရှိ၍ ဖက်လိပ်တွင် ဇာတ်ကွက် (၅၅၀) အပြည့်ရှိသည်မှာ ထူးခြားသည်။ တစ်ချိန်က ဇာတ်ရုပ် အုတ်ချပ်များ အကြား အင်္ဂတေ ပေါင်တွင် ရေးမွန်ဘာသာစာတန်း များ အနည်းငယ် တွေ့ကြောင်း မှတ်တမ်း၌ တွေ့ရသည်။ ဤ ဖက်လိပ် ဘုရားများသည် အနော်ရထာမင်း လက်ထက်ထက် နောက်မကျဟူ၍ သုတေသီများက ခန့်မှန်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com

# မင်းနန်သူရွာ နှင့် ဖွားစောရွာ တစ်ဝိုက်ရှိ စေတီပုထိုးများ






www.burmeseclassic.com

www.burmeseclassic.com



## နန္ဒာမညာ (အနန္တပညာ)

“**နန္ဒာမညာ**”ဟူသော စကားသည်“အနန္တပညာ” ဟူသော စကားမှ ဆင်းသက်လာခြင်း ဖြစ်၏။ အနန္တပညာ၏ အဓိပ္ပာယ်မှာ မြတ်စွာဘုရားသခင်၏ အဆုံးအစမရှိသော ပညာဉာဏ်ဖြစ်သည်။ ပုဂံ အာနန္ဒာဂူဘုရား အမည်နှင့် ဆင်ဆင်ဖြစ်သည်။ ပုဂံ နရသီဟပတေ့မင်းလက်ထက် သခင်အနန္တပညာဘွဲ့ရှိသော မဟာထေရ် သီတင်းသုံးရာ ဥမင်တစ်ခုလည်း ထိုအနီးတွင် ရှိသည်။ ဤဘုရားသည် အရှေ့ဘက် မှန်လှည့် လိုဏ်ဂူငယ်ဖြစ်၍ အရှေ့ဂူဘုရားဟုလည်း ခေါ်ကြလေသည်။

နန္ဒာမညာဂူသည် အုတ်ခုံပေါ်တွင်ရှိ၍ ဂူသည် အရှေ့ဘက်သို့ မှန်လှည့်လျက် ပေါင်းကူးအာရုံခံငယ် ရှိသည်။ ဂူအထက်ပစ္စယာများ အပေါ်တွင် စေတီ တည်ထားသည်။ (၁၃) ရာစုနှစ်က လက်ရာများ ဖြစ်လေသည်။

လိုဏ်ဂူအတွင်း၌ ပလ္လင်ပေါ်ရှိ ရုပ်ပွားဆင်းတုသည် ပျက်စီးလျက် ရှိသည်။ ဤဘုရား၌ ထူးခြားချက်



မာရ်နတ်၏ သမီးများ

များမှာ ဂူအတွင်း နံရံပေါင်းကူးတံကဲ နောက်ခံများတွင် ပုဂံခေတ် ဆေးရေးပန်းချီ လက်ရာများ တွေ့ရသည်။ ကနုတ်ပန်း၊ ပန်းလိပ်ပန်းခွေအလှများ၊ အရုပ်များကိုလည်း အဆန်းတကြယ် တွေ့ရသည်။ ဗုဒ္ဓဝင်မှမယ်တော်မာယာ သားဖွားခန်း၊ သိဒ္ဓတ္ထမင်းသား ဆံတော် ပယ်ခန်း၊ ယမကပြာဋိဟာပြခန်း စသည်တို့ကို တွေ့ ရသည်။ မာရ်နတ်၏ သမီးများအရွယ် အမျိုးမျိုးကို ပုဂံခေတ် အမျိုးသမီးတို့၏ ဝတ်စားဆင်ယင်မှုအတိုင်း ရေးဆွဲထားသည်။ ပုဂံခေတ် လက်ရာအမြောက်ဆုံး နံရံဆေးရေးပန်းချီများကို တွေ့နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## သမ္ဗျုလ

၁၂၅၅ ခုနှစ်တွင် ဘုရင်ဥဇနာ (၁၂၄၉-၁၂၅၆) ၏ မိဖုရား သမ္ဗျုလ တည်ထားသော ကောင်းမှု ဖြစ်သည်။ ကျောက်စာအရ တိလောက စန္ဒာဒေဝီ ခေါ် သုံးလူလဟုလည်း ခေါ်ကြသည်။ ပန္နက်ပုံစံမှာ စတုရန်းပုံဖြစ်၍ အရှေ့မှခ်လှည့် အာရုံခံဖြင့် ဆောက်ထားသည်။ ဗဟိုမဏ္ဍိုင်ကို လိုဏ်ပတ်စင်္ကြံဖြင့် တည်ဆောက်လျက် လေးမျက်နှာ၌ မုခ်ပေါက်များ ရှိသည်။ လိုဏ်ဂူသည် တစ်ထပ်သာဖြစ်၍ ပုဂံခေတ်နှောက်ပိုင်းဟန်ကို တွေ့နိုင်သည်။ အထက်၌မူ ပစ္စယာများနှင့် ကွမ်းတောင်ပါရှိသည်။ အတွင်းနံရံဆေးရေးဗုဒ္ဓဝင်ပန်းချီတော်များရှိသည်။ ပါဠိဘာသာဖြင့် နံရံမင်စာများသည် ဗုဒ္ဓဝင်၊ မဟာဝင်ဆိုင်ရာများအကြောင်းဖြစ်၍စာပေသမိုင်းအတွက် အထူးအရေးပါလှသည်။



ကိန္နရာ



www.burmeseclassic.com


www.burmeseclassic.com



### ဘုရားသုံးဆူ

ဂူဘုရားသုံးဆူယှဉ်လျက် တည်ဆောက်ထား ပြီး ပေါင်းကူးစင်္ကြံလမ်း ကျဉ်းကျဉ်းဖြင့် တစ်ဆူနှင့် တစ်ဆူ ဆက်ထားသည်။ ဂူသုံးလုံးသည် အရှယ်တူ ပုံစံတူဖြစ်သည်။ ပန္နက်ပုံများမှာ စတုရန်းပုံဖြစ်ပြီး ဂူတိုင်းတွင် တစ်ဖက်၌ အာရုံခံမုခ်များ စွန်းထွက်လျက် အထက်၌လည်း ပစ္စယာများ ကွမ်းတောင်များ ပါရှိသည်။ ဘုရားတည်ဆောက်သော ခုနှစ်ကို တိကျစွာ မသိရသော်လည်း ၁၃ရာစု နောက်ပိုင်းဟု မှန်းဆကြလေသည်။


ကြောက်ဖွယ်ရာတိရစ္ဆာန်ရုပ်များ





www.burmeseclassic.com

www.burmeseclassic.com



ဆင်းတုနှင့် ကနုတ်ပန်းများ

ဤသို့ လိုဏ်ဂူ ဘုရားသုံးဆူ ဆက်လျက်တည် ဆောက်ပုံမှာ ထူးခြားလျက် ရှိသည်။ တစ်ဆူချင်း လေ့လာလျှင်လည်း ဂူဘုရားများသည် ပုဂံခေတ် နောက်ပိုင်းကျသည်ဟု ဆိုနိုင်သည်။

ဘုရားသုံးဆူအတွင်း၌ ထူးခြားဆန်းကြယ်သော နံရံဆေးရေးပန်းချီများ ရှိသည်။ ဘုရားသုံးဆူတွင် အရှေ့ဂူနှင့် အလယ်ဂူများ၌သာ နံရံပန်းချီများ တွေ့ရပြီး အနောက်ဂူ၌ နံရံပန်းချီလုံးဝ မတွေ့ရချေ။ အလယ်ဂူ၌ ရေးလက်စပန်းချီများကိုလည်း တွေ့ရသဖြင့် ဘုရားတည်ခိုက် ပန်းချီရေးနေစဉ် အကြောင်း တစ်ခုခုကြောင့် အပြီးမသတ်နိုင်ခဲ့ဟု ယူဆရသည်။

နံရံပန်းချီများတွင် ဗုဒ္ဓဝင်ရုပ်ခန်း၊ နှစ်ကျိပ် ရှစ်ဆူဘုရားများ၊ သမ္ဗုဒ္ဓေဘုရားများ၊ ငါးရာ့ငါးဆယ် ဇာတ်ဖော် ပန်းနွယ်၊ ပန်းကနုတ်များ၊ နတ်၊ ကိန္နရာ၊ ဘီလူး၊ သားရဲ၊ မြွေ၊ နဂါး၊ ဆင် စသည်များကို တွေ့နိုင်သည်။ ထူးခြားမှုများတွင် နတ်သမီးနှစ်ဦးကို ဖက်နေသော နတ်သားပုံဖြစ်သည်။ ပန်းချီများမှာ အသေးစိတ် ရေးဆွဲထားသည်။ ဆေးနီရောင်ကို သုံးစွဲ၍ တောက်ပြောင်လုပသည်။



နတ်သားနတ်သမီးများ



www.burmeseclassic.com

www.burmeseclassic.com

### လေးမျက်နှာ


**လေးမျက်နှာ** ဂူဘုရားသည် ထီးလှိုင်မင်းလှိုင်မင်း (၁၂၁၁-၁၂၃၄?) လက်ထက် ၁၂၂၃ ခုနှစ်တွင် အမတ်ကြီး အနန္တသူရမောင်နှံတို့ တည်ထားသော ကောင်းမှုကုသိုလ် ဖြစ်သည်။ ယခုအခါ မင်းနန်သူရွာအနီးတွင် ရှိသည်။

လေးမျက်နှာဘုရား ကျောက်စာတွင်

"တန်တိုင်းတွင်းနှိက်ကား ကလသာအိုး အယောင်နှင့် တူသော တင့်တယ်စွာသော စကြဲထက် ဂူလေးတည်၏။ ဂူထာပနသော အခါနှိက်ကား။ သရီရ ဓာတ်တော် ထည့်သော စန္ဒကူးကြုတ်။ ထိုအပကား ဖန်ပြုသောကြုတ်။ ထိုအပကား စန္ဒကူးနီပြုသော ကြုတ်။ ထိုအပကာ ရွှေပြုသော။ ထိုအပကား ငွေပြု သော။ ထိုအပကား ရွှေမှုရွှေ့ ရတနာတိ အမျက်ခတ် သော။ ထိုအပကား ဆင်စွယ်ပြုသော။ ထိုအပကား ကြေးနီပြုသော။ ထိုအပကား ကျောက်ပြုသောပုထိုး။ ထိုတွင် ထည့်ပါသော ရွှေစမခန်၊ ငွေစမခန်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင် တို့ဖြင့် ပူဇော်ရွှေ့ ထည့်လိုက်၏။ ကျောက်ပုထိုးကိုကား ဆေးရေးရွှေ့ ကြေးခြည်နှင့် ခက်၏။ အထွတ်ကား ရွှေထွတ်ပြု၏။ အထွတ်ထက်ကား ရွှေထီးဆောက်၏။ ရွှေထီးကိုကား ပုလဲသန္တာဆွဲ၏။"

စသည်ဖြင့် လေးမျက်နှာဘုရားတည်ဆောက်ရာ ဌာပနာပုံအသေးစိတ်ကို တွေ့ရသည်။

ဤလေးမျက်နှာဂူဘုရားအတွင်း၌ ဘုရား ဆင်းတုလေးဆူ တည်ထားသည်။ ဂူအရံ၌လည်း ဘုရားဆင်းတုများ တည်ထားသည်။ ငါးရာ့ငါးဆယ် ဇာတ်လည်း အတင့်အတယ်ရေးသည်။ အနန္တသူရ မောင်နှံတို့သည် "အတို့စကြဝဠာစသော အတိုင်းမသိ သော စကြဝဠာနှိက်နေသော လူနတ်သတ္တဝါခပ်သိမ်း တို့အကြွင်းမဲ့



သဖြင့် သံသရာဆင်းရဲမှ လွတ်မြောက်ခဲ့၍ ဆင်းရဲမဲ့သော နိဗ္ဗာန်ပြည်သို့ ရောက်စေချင်သော ကြောင့်ငါလည်း သိစပ်မြင်နှံ့သော သဗ္ဗညုတဉာဏ် ဘုရားဆုကို လိုချင်သောကြောင့်" ဤလေးမျက်နှာ ဘုရားတည်ကြောင်း ဆုတောင်းသည်ကို တွေ့ရသည်။

လေးမျက်နှာဘုရားသည် အရှေ့မှခ်ပြု ဂူဘုရားဖြစ်သည်။ အုတ်တံတိုင်းနှစ်ထပ်ရံ၍ အုတ်ခုံအမြင့်ပေါ်၌ ဂူဘုရားတည်ထားသည်။ ပန္နက်သည် စတုရန်းပုံဖြစ်၍ မုခ်လေးမျက်နှာ ရှိသည်။ အရှေ့ဘက်မုခ်သည် အမိကဝင်ပေါက် ဖြစ်သည်။ အထက်၌ ပစ္စယာများ၊ ထောင့်များတွင် စေတီငယ်များ၊ ကွမ်းတောင်အထွတ်၌ ထီးတပ်ဆင်ထားသည်။

ဂူအတွင်းနံရံပေါင်းကူးတို့တွင် ဆေးရေးပန်းချီ များမင်စာများ ရှိသည်။ ခပ်များများမှာ ထုံးသုတ်ပစ်ခြင်းကြောင့် ပျက်စီးသွားသည်။ ဗုဒ္ဓဝင်ဆိုင်ရာ လက်ရာများမှာ အလွန်ကောင်းမွန်၍ နမြောဖွယ်ဖြစ်သည်။ လေးမျက်နှာဘုရား ပတ်ဝန်းကျင်၌ ပုဂံခေတ် အုတ်ကျောင်းကြီးများ၊ ဓမ္မသာအုတ်ဇရပ်များ၊ လေးထောင့်ရေကန်၊ ရေတွင်းများကို တွေ့နိုင်ပေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မရာဇိက

**ဓမ္မရာဇိကစေတီ**သည် ဖွားစောရွာ သစ်မထီးကျောင်းတိုက်အနီးတွင် ရှိသည်။ စေတီတော်ကြီးသည် ညောင်ဦး ရွှေစည်းခုံနှင့် တူသယောင်ရှိ၏။ သို့သော် ထူးခြားသည်မှာ ပန္နက်အောက်ခြေသည် စတုရန်းပုံအစား ငါးမြှောင့်ပုံဖြစ်သည်။ ယင်းအထက် ပစ္စယာသုံးဆင့် တည်ဆောက်ထားသည်။ ပစ္စယာအဆင့်ဆင့်၌ ငါးရာ့ငါးဆယ်ဇာတ် စဥ့်သုတ်ရုပ်ကြွအုတ်ချပ်များ ကပ်ထားသည်။ ထိုအထက်၌ ခေါင်းလောင်းပုံ တည်ဆောက်ပြီး ရင်ဖွဲ့ခါးပတ်၊ သပိတ်မှောက်၊ ဖောင်းရစ်စသည်တို့တက်သွားသည်။ အထွတ်ရှိ ထီးပျက်စီးနေသည်။

စေတီတော်ကြီး၏ ငါးမျက်နှာ၌ အာရုံခံအုတ်ဂူငါးလုံး ရှိသည်။ ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးသော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမနှင့် ပွင့်အံ့သော အရိမေတ္တေယျဘုရား တို့ကို ရည်မှတ်ကာ ကြေးဆင်းတု ငါးဆူသွန်းလုပ်ပြီး ဂူငါးလုံးတွင် ပူဇော်ထားသည်။ အုတ်ဂူငါးလုံးသည် တညီတည်း တစ်ပုံစံတည်းဖြစ်သည်။ ထိုဂူများ၏ပန္နက်ပုံသည် အစဥ်အလာစတုရန်းပုံဖြစ်ပြီး အာရုံခံအထက်၌ ပစ္စယာကွမ်းတောင်စသည်တို့ပါရှိသည်။

ဓမ္မရာဇိကစေတီကို ၁၁၉၇ ခုနှစ်တွင် ဘုရင်နရပတိစည်သူ (၁၁၇၄-၁၂၁၁) တည်သည်။ သီဟိုဠ်ဘုရင်ထံမှ မြတ်စွာဘုရား၏ သရီရ ဓာတ်တော်အဆူ ၃၀ ကို ရွှေကြုတ်နှင့်တကွ ရလျှင် ဓမ္မရာဇိကတည်မည့်နေရာ ကျောက်ဖျာထက်၌ထား၍ ဌာပနာသည်။ ကျပ်လေးသောင်းလေးရာ နှစ်ဆယ့်ခုနှစ်ကျပ်တိတိကို ရေစက်သွန်းချ လှူဒါန်းဆောက်လုပ်သည်။ စေတီတော်တည်သည်မှာ တစ်နှစ်မျှသာ ကြာသည်။ အရှေ့ဘက် ဂူအတွင်း၌ ကျောက်စာမှတ်တမ်းရှိသည်။ ဂူဘုရားငါးခုတွင်လည်း ပုဂံဆေးရေးနံရံပန်းချီများရှိ၏၊ မင်စာများလည်း ရှိ၏။ ဤဓမ္မရာဇိက စေတီပုံကို စူဠာမဏိလိုဏ်ဂူဘုရား အောက်ထပ်မြောက်ဘက်မျက်နှာရှိ ဆင်ရုပ်ခေါင်းနေရာတွင် “သက္ကရာဇ် ၆၇၉ ခုက စတ္တာလင်က ဗိုလ်ဆရာသည် ဓမ္မရာဇိက စေတီပုံရေးဆွဲပူဇော်သည်”ဟူသော မင်စာနှင့်အတူ တွေ့ရသည်။ ဤပုံအရ ပုဂံခေတ် စေတီပုံစနစ်ကို လေ့လာနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## စူဠာမဏိ

**စူဠာမဏိ**ဘုရားသည် နရပတိစည်သူမင်း (၁၁၇၄-၁၂၁၁)၏ ကုသိုလ်တော် ဖြစ်သည်။ ဘုရားအလောင်းသိဒ္ဓတ္ထမင်းသား တောထွက်ပြီးနောက် ရဟန်းဘောင်သို့ဝင်သောအခါ ဆံတော်ကိုပယ်၍ ကောင်းကင်သို့ ပစ်တင်တော်မူခဲ့လေသည်။ ဆံတော်သည် တာဝတိံသာနတ်ပြည်သို့ ရောက်သွားရာ ဆံတော်ကိုဌာပနာ၍ ဘုရားတည်ကြကုန်၏။ ထိုဘုရားသည် စူဠာမဏိဘုရား ဖြစ်လေသည်။ နရပတိစည်သူသည် ထိုဘုရား၏ ဘွဲ့အမည်ကိုယူ၍ သူ၏ ကုသိုလ်တော်ကို တည်ခဲ့သည်ဟုလည်း ဆိုကြသည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးတွင်

"ပြည်သူလူတကာတို့ စီးပွားကို ဆောင်တော် မူ၍ နိဗ္ဗာန်မဂ်ဖိုလ်အလို့ငှာ၊ လိုဏ်နှစ်ဆင့် ရှိသော ကြီးစွာသော ကောင်းမှုတော်ကို တည်တော်မူ၍ စူဠာမဏိဟူသော အမည်ကို သမုတ်တော်မူ၏"

ဟုလည်း တွေ့ရသည်။

တစ်နည်းမှာ မြန်မာရာဇဝင်သမိုင်း၌ နရပတိစည်သူမင်းသည် ဘေးတော် အနော်ရထာမင်း တည်ထားသော တုရင်တောင် စွယ်တော်ရှင်စေတီကို ဖူးမြော်ရာမှ အပြန်တွင် စူဠာမဏိတည်မည့်နေရာ ချောက်ကြီးထဲမှ ပတ္တမြား အရောင်တောက်သည်ကို မြင်ရသဖြင့် ထိုနေရာ၌ ကုသိုလ်ကောင်းမှုပြုစေလို၍ နတ်တို့က ညွှန်ပြသည်ဟု ယုံကြည်ကာ ဘုရားတည်ရန်အတွက် ချောက်ကြီးကို ပြည်သူများအား အပူတပြင်း ဖို့စေလေ၏။ ထိုအခါ ပြည်သူတို့ကို ကိုယ်စိတ်နှစ်ပါး ဆင်းရဲစေသဖြင့် ပံ့သကူမထေရ်သည် ကောင်းမှုဖြစ်စိမ့်သော ယခုအမှုသည် မကောင်းမှုသာဖြစ်တော့သည်ဟုဆိုပြီး မင်းလှူသော ဆွမ်းကိုမခံယူဘဲ နေလေ၏။

ထိုအခါ ပံ့သကူမထေရ်အား နရပတိစည်သူမင်းက "ငါ့ဆွမ်းကို ဘုဉ်းပေးတော်မမူလိုသော် ငါ့ပြည်တွင် မနေမှ လွတ်တော့မည်၊ ပြည်သူတို့လှူသော ဆွမ်းလည်း ငါ့ဆွမ်းမဟုတ်တုံလော"ဟု မိန့်လေလျှင် ပံ့သကူမထေရ်သည် သီဟိုဠ်ကျွန်းသို့ ကြွမည်ပြုလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ပုံသကူမထေရ် ပုဂံမြို့သို့ ပြန်ကြွ လာအောင် တုရက်ပစ္စည်းအမတ်အား ပင့်ဆောင်ခိုင်းရာ ဆရာတော်သည် သာသနာတော်ရေးဖြစ်၍ ပြန်ကြွလာသည်။



အလှူရှင်များ ၁၈ ရာစုပန်းချီ

စူဠာမဏိလိုဏ်ဂူသည် နှစ်ထပ်လိုဏ် ဖြစ်ပြီး ပန္နက်အခြေခံမှာ စတုရန်းပုံဖြစ်၏။ လေးမျက်နှာတွင် အာရုံခံမုခ်များရှိပြီး အရှေ့ဘက်မျက်နှာ အာရုံခံမုခ်သည် အခြားမုခ်များထက်ပို၍ ရှေ့ဘက်သို့ စွန်းထွက်ကာ အလျားရှည်သည်။ အပေါ်ထပ် လိုဏ်ဂူသည် အောက်ထပ်လိုဏ်ဂူကို အောက်ခံပြု တည်ဆောက်ထားခြင်းဖြစ်သည်။ လိုဏ်ဂူတို့၏ အမြင့်သည် အောက်နှင့်အထက် ညီတူဖြစ်သည်။ လိုဏ်နှစ်ခုစလုံးတွင် ပစ္စယာများ အတိုးအဆုတ်ပြု ဆောက်ထားသည်။ ထောင့်ကွေ့များ၌လည်း ပုထိုးငယ်များ၊ မုခ်စုလစ် အင်္ဂတေထောင့်ပန်းများ ပါရှိသည်။ ပစ္စယာများတွင် အရွယ်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးရှိသော စဉ့်ကွင်းများဖြင့် တန်ဆာဆင်ထား၏။ သို့သော် ကွမ်းတောင်အထက် ထိပ်ပိုင်းတို့သည်ကား ပျက်စီးလျက် ရှိလေသည်။

မြေညီထပ်တွင် အခိုင်အခံ့ဆောက်ထားသည့် အလယ်မဏ္ဍိုင် ရှိသည်။ ယင်းကို ပတ်သည့်စင်္ကြံ ပတ်လမ်းလည်း ရှိသည်။ ထိုမဏ္ဍိုင်၏ လေးဖက်မျက်နှာတို့တွင် ပလ္လင်အမြင့်ပေါ်၌ တင်ပျဉ်ခွေ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ဖူးနိုင်သည်။

အရှေ့ဘက် အာရုံခံခန်းမမှဝင်လျှင် ဂန္ဓကုဋိတိုက်ကို တွေ့ရမည်။ အလယ်မဏ္ဍိုင်၌ ဘုရားလေးဆူရှိသည်။ အရှေ့ဘက်သို့ မျက်နှာမူသည့် ဆင်းတုတော်တည်နေရာသည် အခြားသုံးဖက်ထက် ပို၍ကျယ်ကာ အတွင်းသို့ ချိုင့်ဝင်နေသည်။ မဏ္ဍိုင်အတွင်းသို့ အခြားဘုရားသုံးဆူထက်ပို၍ နေရာယူထားသည်။ အခြားဘုရားသုံးဆူမှာ နံရံ၌ ကပ်ရုံကပ်ထားသည်။ ထုထည်ကောင်းသော အုတ်နံရံကပ်အတွင်း တောင်ဘက်မြောက်ဘက် နှစ်နေရာ၌ အထက်ပစ္စယာသို့တက်ရန် ကျဉ်းမြောင်းသော ကြောင်လိမ်လှေကားထစ်များကို ပြုလုပ်ထားသည်။ ထိုလှေကားမှထွက်လျှင် စင်္ကြံပတ်လမ်းမှ အရှေ့ဘက်အပေါ်တက်ရန် အုတ်လှေကားနှစ်ဆင့်ကို တွေ့ရသည်။ ထိုမှ အပေါ်ဆောင်သို့တက်ပြန်လျှင် ဂန္ဓကုဋိအတွင်း၌ ဗုဒ္ဓဆင်းတုတော်ကြီးကို ဖူးနိုင်သည်။

အတွင်းစင်္ကြံ ပေါင်းကူးနံရံများ၌ ပုဂံခေတ်ဆေးရေးပန်းချီများကို တွေ့နိုင်သည်။ အချို့နေရာတွင် ကုန်းဘောင်ခေတ် နံရံပန်းချီများ ထပ်မံရေးဆွဲထားသည်ကို တွေ့ရသည်။ လိုဏ်ဂူကို ခိုင်ခံ့စေရန်အတွက် အုတ်များတွင် အချို့နေရာ၌ ကျောက်အုတ်များဖြင့် ညှပ်ကာ ဆောက်ထားသည်ကိုလည်း တွေ့ရသည်။ ပုဂံခေတ် အင်္ဂတေပန်းတော့ လက်ရာများတွင် လုပသော ကနုတ်ပန်းများ၊ ပုလဲကုံးများ၊ ဘီလူးပန်းဆွဲ၊ တိုင်ဖုံးစုလစ်ပန်း၊ တံကဲပန်းများကိုလည်း တွေ့မြင်နိုင်သည်။

လိုဏ်ဂူ မြောက်ဘက်မုခ် အာရုံခံ၌ စူဠာမဏိမှုလတည်စဉ်က မော်ကွန်းတင်ကျောက်စာကို တွေ့နိုင်သည်။ ထိုမှတစ်ပါး အတွင်းနံရံများတွင် ပုဂံခေတ်နှင့် နောက်ပိုင်းရေးထားသော နံရံမင်စာများကိုလည်း လေ့လာနိုင်သည်။ တိုက်မ အထက်ရှိ ပစ္စယာဆင့်များတွင် ပုံစံအမျိုးမျိုး အကွက်အမျိုးမျိုး ဖော်ထားသည့် စဉ့်သုတ်စိန်တန်းများဖြင့် တန်ဆာဆင်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကိုင့်ဆောင်းရုပ်ပွား

## ပုဂံရှေးဟောင်းသုတေသနပြတိုက်

မြန်မာနိုင်ငံတွင် ကမ္ဘည်းကျောက်စာဌာန ဖွင့်လှစ်ပြီးနောက် ပုဂံဒေသရှိ ရှေးဟောင်း သာသနိက အဆောက်အအုံများကို ထိမ်းသိမ်းစောင့်ရှောက်ခဲ့သည်။ (၁၉၀၂) ခုနှစ်တွင် ကျောက်စာဝန် တော်စိန်နီက ပုဂံဒေသ ပတ်ဝန်းကျင်ရှိ ရှေးဟောင်းစေတီ ဂူကျောင်းများမှ ရရှိသည့် ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ် ဝတ္ထုပစ္စည်းများ နှင့် ကျောက်စာများကို ပြသရန် အာနန္ဒာဘုရား မြောက်ဘက်တွင် ပြတိုက် တည်ဆောက်ပြီး (၁၉၀၄) တွင် ပြတိုက်ဖွင့်လှစ်ခဲ့သည်။ နှစ်ကာလကြာမြင့်သောအခါ ပြတိုက်တွင် ပုဂံရှေးဟောင်းပစ္စည်းများ တဖြည်းဖြည်း ထပ်မံစုဆောင်းရရှိလာရာ လက်ရှိ ပြတိုက်နှင့် ရှေးဟောင်းကျောက်စာများ၊ ပစ္စည်းများ ပြသရန် မလုံလောက် တော့ပေ။ ထို့ကြောင့် ပုဂံမြို့ဟောင်း အတွင်း ကန်တော့ပလ္လင်ဘုရား တောင်ဘက် (၈.၁၆) ဧက (၃.၃ဟက်တာ) ကျယ်ဝန်းသော မြေနေရာတွင် ရှစ်မြောင့်သဏ္ဍာန် ပြတိုက်တစ်ခုနှင့် ကျောက်စာများ၊ ကျောက်ဆစ်လက်ရာ များနှင့်



ပြတိုက်



www.burmeseclassic.com

www.burmeseclassic.com

ကြီးမားသောရှေးဟောင်းပစ္စည်းများ ပြသရန် ကျောက်စာရုံသုံးရုံ တည်ဆောက်ကာ ပြတိုက်သစ်ကို အောက်တိုဘာ (၁၉၇၉) တွင်ဖွင့်လှစ်ပြသခဲ့သည်။

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် များ တည်ရှိရာ ပုဂံမြေသို့ လာရောက် လေ့လာသည့် နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသည်များ တစ်နှစ် ထက်တစ်နှစ် ပိုမိုများပြားလာခြင်းနှင့် စုဆောင်း ရရှိထားသည့် ပြတိုက်ပစ္စည်းများကို ကျယ်ကျယ် ဝန်းဝန်းနှင့် ထည်ထည်ဝါဝါ ထားရှိ ပြသနိုင်ရန် ပြတိုက်အသစ် ထပ်မံ တည်ဆောက်ရန် လိုအပ် လာခဲ့ပြန်သည်။ ထို့ကြောင့် (၁၉၉၅) ခုနှစ်တွင်



ကြေးကြာဖူး

ရှစ်မြှောင့်သဏ္ဌာန် ပြတိုက်ကို ချန်လှပ်၍ ကျန် အဆောက်အအုံများကို ဖျက်ကာ ခံ့ညားထည်ဝါသည့် နှစ်ထပ် အဆောက်အအုံ ကမ္ဘာ့အဆင့်မှီ ပြတိုက်ကြီး ထပ်မံ ဆောက်လုပ်ခဲ့ သည်။ ယနေ့ တွေ့မြင်ရသည့် ပုဂံရှေးဟောင်း သုတေသန ပြတိုက်သစ်ကြီးကို ၁၇ ပြီ ၁၉၉၈ ခုနှစ်တွင် ဖွင့်လှစ်ပြသခဲ့သည်။

ပုဂံ ရှေးဟောင်း သုတေသနပြတိုက်အား မြန်မာမှု လက်ရာ အင်္ဂတေပန်းများ၊ သစ်သားပန်းပု ကနုတ်ပန်း လက်ရာများ၊ ယွန်းရွှေဇဝါလက်ရာများ၊ ရွှေချည်ထိုး လက်ရာများနှင့် တင့်တယ်လှပစွာ တန်ဆာဆင်ထား သည်။ ပြတိုက် မြေညီထပ်ရှိ အခန်း (၅)ခန်းမှာ

(၁) အထူးပြခန်း (သို့) ပင်မခန်းမဆောင်
(၂) ပုဂံခေတ် လက်မှုအနုပညာပြခန်း
(၃) ပုဂံခေတ် စာပေပြခန်း
(၄) ပုဂံခေတ် လူမှုရေးနှင့် စစ်ရေး ဆိုင်ရာပန်းချီ ပြခန်း
(၅) ပုဂံခေတ် ဗိသုကာပြခန်း

တို့ဖြစ်ပြီး ပြတိုက် ပထမထပ်ရှိ အခန်း ၄-ခန်းမှာ


တာဝတိံသာမှ မြတ်စွာဘုရားဆင်းသက်ခန်း





www.burmeseclassic.com

www.burmeseclassic.com



ဘုရားပရိနိဗ္ဗာန်စံခန်း - ကြေးရုပ်ကြွ



ဗုဒ္ဓဝင်ရှစ်ခန်းအန္တုဂူကျောက်ချပ်

(၁) ပုဂံခေတ် ဘုရားပုထိုး ပန်းချီပြခန်း

(၂) ပုဂံခေတ် နံရံဆေးရေး ပန်းချီပြခန်း

(၃) ပုဂံခေတ် ဗုဒ္ဓအနုပညာ ပြခန်း

(၄) ပုဂံခေတ် ဗုဒ္ဓဆင်းတုတော် ပြခန်း

တို့ဖြစ်သည်။

ပြတိုက်မြေညီထပ် အထူးပြခန်း (သို့) ပင်မခန်းမဆောင်တွင် ကြီးမားခန့်ညားသော ယွန်းတိုင်ကြီးများ၊ မျက်နှာကြက် အဆင့်ဆင့်ရှိ ယွန်းရွှေဇဝါ ပန်းချပ်များ၊ ရွှေချည်ထိုးပန်းချပ်များ၊ သစ်ကပ်ပန်းချပ်များ၊ သစ်သားပန်းပုလက်ရာပန်းချပ်များ၊ အင်္ဂတေပန်းချပ်များနှင့် မြန်မာ့လက်မှု အနုပညာလက်ရာ များကို တွေ့ရမည်ဖြစ်ပါသည်။ ပင်မခန်းမဆောင် အလယ်တွင် သဲကျောက်ဖြင့် ထုလုပ်ထားသည့် ဂေါတမဗုဒ္ဓ၏ ဦးခေါင်းတော်နှင့် သာဝက ဦးခေါင်းတော်၊ သဲကျောက်ဖြင့် ထုလုပ်ထားသည့် ဗုဒ္ဓဝင် (၈)ခန်း ကျောက်ဆစ်



www.burmeseclassic.com

www.burmeseclassic.com

လက်ရာများ၊ ယနေ့ခေတ် မြန်မာကြေးသွန်း ပညာရှင်များ သွန်းလုပ်ထားသည့် ပုဂံခေတ်မင်းလေးပါး ဖြစ်သည့် အနော်ရထာမင်း၊ ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း နှင့် ကျစွာမင်းတို့၏ ပုံတူကြေးသွန်း ရုပ်တုများ နှင့် ရွှေစည်းခုံဘုရားရှိ ကျန်စစ်သားမင်း၏ အမိန့်တော်ပြန်တမ်း ကျောက်စာ (၂)ချပ် ပုံတူတို့ကို ပြသထားသည်။

**ပုဂံခေတ်လက်မှုအနုပညာပြခန်းတွင်** ပုဂံဒေသမှ ရရှိသည့် ကျောက်ခေတ် ကြေးခေတ် လက်ရာ ပစ္စည်းများ၊ ကျောက်ဖြစ်ရုပ်ကြွင်း တိရစ္ဆာန်အရိုးများနှင့် သစ်ပင်များ၊ ပုဂံခေတ် မှုရင်းအဝတ်ပန်းချီ (ငါးရာငါးဆယ်ဇာတ်အမှတ် (၉၆) တေလပတ္တဇာတ်) နှင့် ဟိန္ဒူ ဗြဟ္မဏ ကိုးကွယ်မှုနှင့်ဆိုင်သော ရုပ်တုများကို ပြသထားသည်။

BURMESE CLASSIC .com

**ပုဂံခေတ် စာပေပြခန်းတွင်** မြန်မာစာပေသမိုင်းတွင် အရေးပါသည့် ပါဠိ၊ ပျူ၊ မွန်၊ မြန်မာ လေးဘာသာဖြင့် ရေးထိုးထားသည့် မြစေတီ ကျောက်စာ မူရင်း၊ ရှေးဟောင်း မြန်မာအက္ခရာ ဇယားချပ်၊ သရေခေတ္တရာ မော်ဇာ ခင်ဘကုန်းမှ ရရှိသည့် ပါဠိ ရွှေပေလွှာ၊ မောင်ကန်မှရရှိသည့် ပါဠိရွှေပေလွှာများ၊ ကျောက်စာချပ်များ၊ အုပ်ချပ်စာများ၊ အုတ်ခွက်စာများ၊ နံရံမင်စာများ၊ ခဲပြားစာများ၊ ပေစာများ၊ သစ်သားပြားစာများနှင့် မြေတံဆိပ်များ ကျန်စစ်သားမင်းကြီး၏ ရေးမွန်ဘာသာဖြင့် ရေးထိုးထားသည့် နန်းတည် ကျောက်စာ အမိန့်တော်ပြန်တမ်းကျောက်စာနှင့် ကျောက်စာမြန်မာဘာသာပြန်တို့ကို လေ့လာနိုင်ပါသည်။

**ပုဂံခေတ် လူမှုရေးနှင့် စစ်ရေးဆိုင်ရာ ပန်းချီပြခန်းတွင်** ယနေ့ခေတ် မြန်မာပန်းချီ ပညာရှင်များ ရေးဆွဲထားသည့် ပုဂံခေတ် နိုင်ငံရေး၊ လူမှုရေး၊ စစ်ရေးနှင့် သာသနာရေး အကြောင်းဆိုင်ရာ ပန်းချီကားများနှင့် ပုဂံခေတ် နံရံပန်းချီများတွင် ဖော်ပြ ပါရှိသော စစ်ရေးဆိုင်ရာ လက်နက်ပုံစံများကို လေ့လာ နိုင်သည်။

**ပုဂံခေတ် ဗိသုကာပြခန်းတွင်** ပုဂံခေတ်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းသာသနိက အဆောက်အအုံများဖြစ်သည့် ဗူးဘုရား၊ လောကနန္ဒာစေတီ၊ ဆပဒစေတီ၊ မဟာဗောဓိဂူဘုရား၊ အာနန္ဒာဂူဘုရား၊ လေးမျက်နှာအုတ်ကျောင်း၊ သဗ္ဗညုဂူဘုရား၊ ဓမ္မရံကြီးဂူဘုရား၊ ကျောက်ကူဥမင်နှင့် ပိဋကတ်တိုက်တို့၏ ပုံစံငယ်များနှင့် ဘုရားသမိုင်းကြောင်း အချက်အလက်များ၊ ပုဂံဒေသရှိ ရှေးဟောင်းသာသနိက အဆောက်အအုံ ပုံစံအမျိုးမျိုးနှင့် မုခ်ပေါင်းကူး ပုံစံကားချပ်များကို ပြသထားသည်။ ပြခန်း၏ အလယ်တွင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၏ ရုပ်ကြွမြေပုံကြီးကိုလည်း လေ့လာနိုင်ပါသည်။

**ပြတိုက်ပထမထပ်ရှိ ပုဂံခေတ် ဘုရားပုထိုးပန်းချီပြခန်းတွင်** ပုဂံဒေသရှိ ရှေးဟောင်းသာသနိက အဆောက်အအုံများဖြစ်သည့် ဘုရား၊ ပုထိုး၊ ဂူကျောင်းများအား မပြုပြင်မီ မူရင်း မျက်မြင်အနေ အထားအတိုင်း မှတ်တမ်းတင် ပန်းချီ များနှင့် ပြုပြင်လိုက်လျှင် ဖြစ်လာမည့်ပုံ မူလအဆောက်အအုံပန္နက်ပုံ ပန်းချီကားများ ချိတ်ဆွဲပြသထားပါသည်။

**ပုဂံခေတ် နံရံဆေးရေး ပန်းချီပြခန်းတွင်** ပုဂံခေတ် (၁၁) ရာစုမှ (၁၃) ရာစုအတွင်း တည်ဆောက်ခဲ့သည့် ဂူဘုရားများအတွင်းမှ ကူးယူရေးဆွဲထားသည့် နံရံဆေးရေးပန်းချီများကို ပြသထားပါသည်။ ထို့ပြင် ဤပြခန်းအတွင်း၌ ပုဂံခေတ် (၁၁) ရာစု လက်ရာ ပဉ္စလောဟာ သတ္တုစပ် မတ်ရပ် ဉာဏ်တော် (၂) ပေ (၄) လက်မ (၇၁.၁၂ စင်တီမီတာ) ဗုဒ္ဓရုပ်ပွားဆင်းတုတော် [(၁၉၇၂) ခုနှစ် ပုဂံညောင်ဦး မြို့နယ် စဉ့်ကူးရွာ နဂါးရုံဘုရား ကွမ်းတောင် ရှေ့မျက်နှာမှ ရရှိသည်။] အာနန္ဒာဘုရား မြောက်ဘက် စေမင်းသတ် ဘုရားမှ ရရှိသည့် တင်ပြင်ခွေ ရွှေဆင်းတုတော် တစ်ဆူကိုလည်းလေ့လာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

**ပုဂံခေတ် ဗုဒ္ဓအနုပညာပြခန်း**တွင် ပုဂံခေတ်က ရွှေ၊ ငွေ၊ ကြေး၊ ကျောက်၊ သစ်သား စသည့် ပစ္စည်းများဖြင့် အနုပညာလက်ရာမြောက်စွာ ထုလုပ်ထားသည့် ဗုဒ္ဓဆင်းတုတော်များ၊ မြတ်စွာဘုရားတာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ ဆင်းသက်ခန်း၊ အန္ဒုဂူကျောက်ချပ်ဓာတ်ပုံ ဖြင့် ထုဆစ်ပြုလုပ်ထားသည့် ဗုဒ္ဓဝင်ရုပ်ခန်းလက်ရာ ပုဂံခေတ် ၁၁ ရာစု လက်ရာ ကြေးကြာဖူးဓာတ်ပုံနှင့် ပုဆစ်တုတ်ဘုရားမှ ရရှိထားသည့် ပုဂံခေတ် (၁၁) ရာစု လက်ရာ ပဋ္ဌလောဟာ ဗုဒ္ဓဆင်းတု (၃) ပေ (၈) လက်မ (၁.၁၂ မီတာ) ကိုလည်း လေ့လာနိုင်သည်။

BURMESE CLASSIC .com

ပုဂံခေတ် ဗုဒ္ဓဆင်းတုတော်ပြခန်းတွင် ဗုဒ္ဓရုပ်ပွားကြေးဆင်းတု၊ ကျောက်ဆင်းတု၊ သစ်သားဆင်းတု၊ မံဆင်းတု (ယွန်းဆင်းတု) ရှိပြီး ပုဂံခေတ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို အဓိကပြသထားသော်လည်း ခေတ်အဆက်ဆက် ပုဂံဒေသမှရရှိ လည်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကိုပါ တစ်ဆူချင်း သက္ကရာဇ်စဉ်အလိုက် ပြသပေးပါသည်။


*ပုဂံရှေးဟောင်းသုတေသနပြတိုက်သည် ခန်းညားထည်ဝါ သကဲ့သို့ ပြတိုက်တွင် လေ့လာရန် မြန်မာ့ယဉ်ကျေးမှု အနုပညာ လက်ရာများသည်လည်း စုံစုံလင်လင် မြောက်မြားစွာ ရှိသည်။ ပုဂံသို့ ရောက်ရှိလျှင် ဘုရားဖူးမျှော် ကြည်ညိုသည်သာမက ရှေးဟောင်းသုတေသန ပြတိုက် သို့လည်း သွားရောက်လေ့လာရန် လိုအပ်ပါ သည်ဟု ညွှန်းဆိုပါရစေ -*



www.burmeseclassic.com

www.burmeseclassic.com

# ပုဂံမြို့နှင့်ပတ်ဝန်းကျင်ဒေသပြ မြေပုံ






www.burmeseclassic.com

www.burmeseclassic.com

# ပုဂံစေတီပုထိုးများ





www.burmeseclassic.com